ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်၊ တနင်္ဂနွေနေ့၊ (25-2-2007) (၅၂၄၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကူဝိတ်နိုင်ငံ အကြီးအကဲထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　ဖေဖော်ဝါရီ　၂၅

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကူဝိတ်နိုင်ငံအကြီးအကဲ ရှိတ် ဆာဘားအယ် အာမက်အယ်ဂျာ ဘား အယ် ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်စီမံကိန်းများ အကောင်အထည်ဖော်ရာ၌ မိမိတို့တွင် အတတ်ပညာနှင့်အတွေ့အကြုံများ ရှိပြီးဖြစ်သည့်အတိုင်း ဖြစ်နိုင်သရွေ့ အချိန်စောပြီးစီးအောင် နည်းကောင်း၊ စနစ်ကောင်းများ တီထွင်ကြံဆရာမှာ အားထုတ်လုပ်ကိုင်

မိမိတို့တီထွင်ကြံဆမှု၊ အားထုတ်လုပ်ကိုင်မှု၊ စိတ်စေတနာခံယူချက် မှန်ကန်မှုတို့ကြောင့် စီမံကိန်းလုပ်ငန်းများမှာ မူလတွက်ချက်မျှော်မှန်းသည်ထက် အချိန်စော၍ပြီးစီးသွားနိုင်

နေပြည်တော်　ဖေဖော်ဝါရီ　၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း၊ နန်ချို ရေအားလျှပ်စစ်စီမံကိန်းနှင့် သာဂရစက်မှုနယ်မြေ စီမံကိန်းလုပ်ငန်းများကို ယနေ့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နန်ချို ရေအားလျှပ်စစ်စီမံကိန်းဧရိယာအတွင်း လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အထက်ပေါင်းလောင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဗိုလ်ချုပ်ရဲမြင့်၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီး များ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်အတူ နံနက် ၉ နာရီ မိနစ် ၂၀ တွင် ပျဉ်းမနားမြို့၏ အရှေ့ဘက် ၂၆ မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်၌ တည် ဆောက်လျက်ရှိသည့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင် များအား **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

နန်ချိုရေအားလျှပ်စစ်စီမံကိန်း

နန်ချိုရေအားလျှပ်စစ်စီမံကိန်းကို ပျဉ်းမနားမြို့၏ အရှေ့ဘက် ၁၆ မိုင်ခန့်အကွာ ပေါင်းလောင်းရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အထက်ဘက် ၁၂ မိုင် အကွာ ပေါင်းလောင်းမြစ်အတွင်းသို့ စီးဝင်သော နန်ချို ချောင်းပေါ်၌ တည်ဆောက်အကောင်အထည်ဖော်နေ။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၅-၂-၂၀၀၇
(တနင်္ဂနွေနေ့)

ဝင်ငွေတိုး အကျိုးရှိသည့် ရော်ဘာတိုးချဲ့စိုက်ပျိုး

မြန်မာနိုင်ငံ၏ ရေမြေရာသီဥတုသည် သီးနှံစုံစိုက်ပျိုးဖြစ်ထွန်းနိုင်သည်။ တောင်သူလယ်သမားများ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များက မိုးစပါး၊ နွေစပါးနှင့် ဈေးကွက်ဝင်သီးနှံများကို ပိုမိုစိုက်ပျိုးလျက်ရှိရာ နိုင်ငံ၏ စားနပ်ရိက္ခာ ဖူလုံမှုရှိသည့်အပြင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူပြုနေသည်။

ရော်ဘာသည် အဓိကစက်မှုကုန်ကြမ်းသီးနှံများတွင် ပါဝင်ပြီး စီးပွားဖြစ် စိုက်ပျိုးသင့်သော နှစ်ရှည်ပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ်က ရော်ဘာစိုက်ပျိုးဧရိယာ ဟက်တာခုနစ်သောင်းကျော်ရှိခဲ့ရာမှ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ဟက်တာနှစ်သိန်းကျော်အထိ ရောက်ရှိလာပြီး ၂၀၀၇-၂၀၀၈ ခုနှစ်တွင် လက်ရှိရော်ဘာစိုက်ပျိုးမှုထက် နှစ်ဆနီးပါး တိုးတက်လာမည်ဟု သိရသည်။

မြန်မာ့ရော်ဘာများကို တရုတ်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သို့ နှစ်စဉ်တန်ချိန်သုံးသောင်းခန့် တင်ပို့လျက်ရှိသည်။ တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ရော်ဘာဝယ်ယူသုံးစွဲမှု များပြားသော နိုင်ငံများတွင် ပါဝင်ပြီး မြန်မာနိုင်ငံမှ ရော်ဘာ အဓိကတင်ပို့သည့် နိုင်ငံလည်းဖြစ်သည်။

မွန်ပြည်နယ်သည် တစ်နိုင်ငံလုံးတွင် ရော်ဘာအများဆုံး စိုက်ပျိုးနိုင်သည့် ဒေသဖြစ်သည်။ ယခုအခါ ပုဂ္ဂလိက ရော်ဘာစိုက် တောင်သူများနှင့် တိုင်းရင်းသားစိုက်ပျိုးရေး လုပ်ငန်းရှင်များကပါ ပြည်နယ်တစ်ခုလုံး၌ အင်တိုက်အားတိုက် စိုက်ပျိုးလျက်ရှိသည်။

တနင်္သာရီတိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်လည်း ရော်ဘာစိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ရေမြေရာသီဥတု အခြေအနေကောင်းများ ရှိသည်ဖြစ်ရာ စီးပွားဖြစ် စိုက်ပျိုးနိုင်ရေး ဒေသအလိုက် ကြိုးပမ်းလျက်ရှိသည်။

ယနေ့ကာလတွင် နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု မြင့်မားလာရေးအတွက် စိုက်ပျိုးရေ လုံလောက်စွာရရှိရေးအပါအဝင် သီးနှံစိုက်ဧကများအား တိုးမြှင့်နိုင်ရေး၊ ခေတ်မီစိုက်ပျိုးရေး နည်းပညာများ အသုံးပြုရေး အစီအမံများ ချမှတ်၍ အားပေးကူညီပံ့ပိုးလျက်ရှိသည်။ တောင်သူလယ်သမားများနှင့် တိုင်းရင်းသားစိုက်ပျိုးရေး လုပ်ငန်းရှင်များက ဒေသ၏ ရေမြေသဘာဝအခြေခံကောင်းများကို အပြည့်အဝ အသုံးချပြီး ဝင်ငွေတိုးအကျိုးရှိသည့် ပြည်ပဈေးကွက်ဝင် ရော်ဘာများ ပိုမို တိုးချဲ့စိုက်ပျိုးကြခြင်းဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ ။

ဆက်ကပ်လှူဒါန်း

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်ကမ်းနားအလယ် အနောက်ရပ်ကွက် ရတနာကံကြီး ပရိယတ္တိစာသင်တိုက်အတွင်း တည်ထားကိုးကွယ်ပူဇော်မည့် အေးချမ်းအောင်မြင် စေတီတော်မြတ်ကြီး တံခွန်တိုင်အတွက် အလှူငွေ ကျပ်ငါးသိန်းကို ရှင်ပြန်ဆရာတော် ဦးကေသရအား အမှူးထား၍ စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံကိန်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထင်အောင်-ဒေါ်ချိုချိုဝင်း၊ သားကြီး မောင်ရဲဝင့်အောင်၊ သမီးလတ် မစုနန္ဒာအောင်၊ သားငယ် မောင်မြတ်သူရအောင် မိသားစုက ရတနာကံကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဘဒ္ဒန္တဇနပတိ (ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။
(၆၁)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒုတိယဝန်ကြီးဦးကျော်သူ တောင်အာဖရိက၊ နိုင်ဂျီးရီးယား၊ ဂါနာနှင့် ကွန်ဂိုနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တောင်အာဖရိကသမ္မတနိုင်ငံ၊ နိုင်ဂျီးရီးယားပြည်ထောင်စုသမ္မတနိုင်ငံ၊ ဂါနာသမ္မတနိုင်ငံနှင့် ကွန်ဂိုသမ္မတနိုင်ငံများသို့ ဖေဖော်ဝါရီ ၁ ရက်မှ ၁၈ ရက်အထိ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တောင်အာဖရိက သမ္မတနိုင်ငံတွင် ရောက်ရှိစဉ် တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးအုန်းသွင် လိုက်ပါလျက် ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲပိုင်းတွင် တောင်အာဖရိက သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ညှိနှိုင်းဗဟိုဌာန၌ အာရှနှင့် အရှေ့အလယ်ပိုင်းဌာနတာဝန်ခံ သံအမတ်ကြီး ဂျယ်ရီမက်ဂျီလာနှင့် တွေ့ဆုံကာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတ မစ္စတာ သာဘိုအမ်ဘီကီထံသို့ လိပ်မူပေးပို့လိုက်သည့် စာသဝဏ်လွှာကို လက်ကမ်းပေးအပ်ပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်တည်ဆောက်ရေး၊ နိုင်ငံတကာရေးရာ ကိစ္စရပ်များအပေါ် အမြင်ချင်း ဖလှယ် ဆွေးနွေးကြသည်။

ဒုတိယဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက်တွင် နိုင်ဂျီးရီးယား ပြည်ထောင်စု သမ္မတနိုင်ငံ လေးဂို့စ်မြို့မှတစ်ဆင့် ဂါနာသမ္မတနိုင်ငံ မြို့တော် အက်ကရာသို့ ရောက်ရှိခဲ့ရာ ဂါနာသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူများက လေဆိပ်မှ ကြိုဆိုကြသည်။ ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းတွင် ဂါနာသမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဧည့်ခန်းမဆောင်၌ ဒုတိယဝန်ကြီး မစ္စတာ အက်ဝါဆီအိုဆေးအာဂျီနှင့် တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်တည်ဆောက်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များ အပေါ် အမြင်ချင်းဖလှယ်ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဖေဖော်ဝါရီ ၁၁ ရက်တွင် ဂါနာသမ္မတနိုင်ငံမှ ပြန်လည်ထွက်ခွာပြီး နိုင်ဂျီးရီးယား ပြည်ထောင်စုသမ္မတနိုင်ငံ လေးဂို့စ်မြို့နှင့် ကင်မရွန်းနိုင်ငံ ဒွါလာ အပြည်ပြည်ဆိုင်ရာ လေဆိပ်တို့မှ တစ်ဆင့် ကွန်ဂိုသမ္မတနိုင်ငံ မြို့တော် ဘရာဇာဗီးလ်မြို့သို့ ဖေဖော်ဝါရီ ၁၂ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိရာ ဘရာဇာဗီးလ် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကွန်ဂို သမ္မတ နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဌာန အကြီးအကဲ သံအမတ်ကြီး မစ္စတာ အေးမေးကလိုဗီဂီရန်းနှင့် တာဝန်ရှိသူများက ခရီးဦး ကြိုဆိုကြသည်။

ဒုတိယဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် ကွန်ဂို သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ရိုဒေါ်ဖ်အာဒါဒါအား သွားရောက်တွေ့ဆုံပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ကွန်ဂိုသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဒင်းနစ် ဆက်ဆူအင်ဂီထံသို့ လိပ်မူပေးပို့သည့် စာသဝဏ်လွှာကိုလက်ကမ်းပေးအပ်သည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့် ကွန်ဂိုသမ္မတနိုင်ငံခြားရေးဝန်ကြီးတို့သည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့သွားရေးအတွက် နှစ်ဖက်စလုံး၏ ဆန္ဒကို ထပ်လောင်းအတည်ပြုကြပြီး ယင်းသို့ ပူးပေါင်းဆောင်ရွက်မှုများကို ကုလသမဂ္ဂ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ အစရှိသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှတစ်ဆင့် နှစ်ဖက်ကိုယ်စားလှယ်များ ပိုမိုထိတွေ့ဆက်ဆံသွားကြရန် သဘောတူညီကြသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ကွန်ဂိုသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အီဆီဒိုးအမ်ဗူဖ်ဘာကို ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ သွားရောက်ဂါရဝပြု တွေ့ဆုံသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် ကွန်ဂိုသမ္မတနိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆယ်လ်လီမီဂိုနှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ကြသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ကွန်ဂိုသမ္မတနိုင်ငံမှ တောင်အာဖရိက သမ္မတနိုင်ငံသို့ ဆက်လက်ထွက်ခွာကြရာ ဂျိုဟန်နစ္စဘာ့ခ် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ညနေပိုင်းတွင်ရောက်ရှိရာ မြန်မာသံအမတ်ကြီး ဦးအုန်းသွင်နှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့သည်တောင်အာဖရိကသမ္မတနိုင်ငံမှ ဖေဖော်ဝါရီ၁၇ ရက်တွင်ပြန်လည်ထွက်ခွာရာ မြန်မာနိုင်ငံသို့ ဖေဖော်ဝါရီ ၁၈ရက်တွင် ပြန်လည်ရောက်ရှိကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှဒုတိယညွှန်ကြားရေးမှူး ဦးအောင်လတ်နှင့်လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးတို့လည်း ပြန်လည် လိုက်ပါလာကြသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ကွန်ဂိုသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အီဆီဒိုး အမ်ဗူဖ်ဘာအား ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမတွင် သွားရောက်တွေ့ဆုံစဉ်။
(နိုင်ငံခြားရေး)

ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ ၂၀၀၇ခုနှစ် ရှေ့လုပ်ငန်းစဉ်များ ထပ်ဆင့်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၃ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့် ရှင်းလင်းပြောကြားစဉ်။
(၃၅)

မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓယဉ်ကျေးမှုသင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် (၇)ရပ်ကွက်ရှိ အေးမြချမ်းသာ မဟာစည်သာသနာ့ရိပ်သာတွင် ဗုဒ္ဓယဉ်ကျေးမှုသင်တန်းကို အေးမြချမ်းသာ ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဗဟုဇနဟိတရေဘဒ္ဒန္တသီရိဓမ္မ(ဘီအေ-ပါဠိဂုဏ်ထူး) ဦးစီး၍ မတ် ၇ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး အသက် ကိုးနှစ်မှ ၁၄နှစ်အထိ ကျား၊ မဦးရေ ၁၀၀ လက်ခံမည် ဖြစ်သည်။ ရှင်သာမဏေဖြစ်စေ၊ သီလရှင်ဖြစ်စေ၊ လူဝတ်ဖြင့်ဖြစ်စေ တက်နိုင်ပြီး ရှင်သာမဏေ သင်္ကန်းနှင့် သီလရှင်ဝတ်စုံများကို ရိပ်သာမှ စီစဉ်ပေးမည်။ ပြင်ပမှ အချိန်ပိုင်းသင်တန်းသားများကိုလည်း ကန့်သတ်ချက်မရှိ လက်ခံမည်။ အလှူရှင်များအနေဖြင့် နံနက်ဆွမ်း ကျပ်လေးသောင်း၊ နေ့ဆွမ်း ကျပ်ခြောက်သောင်း၊ ညနေအအေး ကျပ်တစ်သောင်းနှုန်းဖြင့် ရိပ်သာဖုန်း ၅၈၅၀၄၃ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကျေနုဝီသတိမ(၁၉)ကြိမ်မြောက် အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ကျေနုဝီသတိမ(၁၉)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဒုတိယနေ့အဖြစ်ဆက်လက်ကျင်းပရာ ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမ တိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရ အမှူးပြုသော နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင် ဆရာတော်များ ကြွရောက်တော်မူကြပြီး အကြံပေး ပုဂ္ဂိုလ်ဦးအုံမောင်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းနှင့် ခရိုင် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိဆရာ တော်အဖြစ် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာ ဝိသုတာရာမ တိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ တွဲဖက်အကျိုးတော် ဆောင် မြင်းခြံမြို့ ဇေယျာလင်္ကာရ ပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂ မဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တ ကိတ္တိက ဆောင်ရွက်တော် မူသည်။

ရှေးဦးစွာ အခမ်းအနားမှူးဆရာတော် က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသည့် နိုင်ငံ တော် သံဃမဟာနာယကဆရာတော် များ၏အရေအတွက်ကို ဖတ်ကြား လျှောက်ထားပြီး အစည်းအဝေးစတင် ကြောင်း ကြေညာတော်မူသည်။

ထို့နောက် ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ) ၏ တင်ပြလျှောက်ထားချက်များနှင့် စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာဆောင်ရွက် ချက်များအပေါ် စစ်ကိုင်းတိုင်း ကသာ မြို့နယ် ထုံးကြီးကျောင်း ဆရာတော် ဒွိပိဋကဓရာဘဒ္ဒန္တနိမလက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များ အပေါ် ရန်ကုန်တိုင်း တောင်ဥက္ကလာပ မြို့နယ် ငွေကြာယံပရိယတ္တိစာသင် တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ

ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကျေနုဝီသတိမ(၁၉)ကြိမ်မြောက် အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

ဘဒ္ဒန္တ ရေဝတက လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များ အပေါ် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန်စာသင်တိုက် ဆရာတော် အဂ္ဂ မဟာပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂဝံသက လည်းကောင်း ဝေဖန်ဆွေးနွေးတော် မူကြပြီး အစည်းအဝေး ခေတ္တရပ်နား သည်။

အစည်းအဝေးကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင် ဆရာတော်များက အကြံပြုတင်ပြလာသော ကိစ္စများနှင့် ပဉ္စမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေး၊ ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ ပထမအစည်းအဝေးနှင့် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ (၄၇)ပါးစုံညီ ပထမ အစည်းအဝေးအစီအစဉ်များကို အတည် ပြုချက်ရယူရန်ကိစ္စတို့နှင့် စပ်လျဉ်း၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များက ဆွေးနွေးဆုံးဖြတ် အတည်ပြုချက် ရယူတော်မူကြသည်။

ဆက်လက်၍ပဉ္စမအကြိမ် နိုင်ငံတော် သံဃမဟာနာယက (ပထမအဖွဲ့ခွဲ)၏ ဆဋ္ဌအကြိမ်၁၃၆၈ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော်၁၂ရက် (၁၆-၁၁-၂၀၀၆) (ကြာသပတေးနေ့)မှစ၍ ယနေ့အထိ တာဝန်ကျရာကာလအတွင်းဆောင်ရွက် ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန် ဆွေးနွေးဆုံးဖြတ်ချက်များအပေါ် တွဲဖက် အကျိုးတော်ဆောင်ဆရာတော် အဂ္ဂ မဟာပဏ္ဍိတအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တ ကိတ္တိက ပြန်လည်ရှင်းလင်း လျှောက်ထား၍ အစည်းအဝေး၏ အတည်ပြုချက် ရယူသည်။

ယင်းနောက် ပဉ္စမအကြိမ် သတ္တရ သမ(လေးလပတ်)နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်ကြီးများ ရွေးချယ်လျာထား အတည်ပြုပင့်ဆောင်ရန်ကိစ္စနှင့် အထွေ ထွေကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ် တော်မူပြီး အစည်းအဝေးသို့ ကြွရောက် တော်မူလာကြသည့် နိုင်ငံတော် သံဃ မဟာနာယက အဖွဲ့ဝင်ဆရာတော်များ က "ဇယန္တော ဗောဓိယာမူလေ"အစရှိ နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူ ပြီးနောက် သာဓုသုံးကြိမ် ခေါ်ဆိုကြ လျက် ပဉ္စမအကြိမ် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကျေနုဝီသတိမ အစည်းအဝေး ညနေ ပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးသွား သည်။

ပဉ္စမအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ (၄၇)ပါးစုံညီ ကျေနုဝီ သတိမ (၁၉)ကြိမ်မြောက် အစည်း အဝေးသို့ ကြွရောက်တော်မူလာကြ သော နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်များအား ယနေ့တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သံလွင် လမ်းနေ ဦးဝင်းနိုင်-ဒေါ်စန်းစန်းနိုင် မိသားစုက အရုဏ်ဆွမ်းကို လည်းကောင်း၊ ရန်ကုန်မြို့ လှိုင်မြို့နယ် ကန်ရိပ်မွန်အိမ်ရာနေ(ဦးစံသာကျော်) - ဒေါ်ခင်လေးချစ် မိသားစုက နေ့ဆွမ်း ကိုလည်းကောင်း ဆက်ကပ်လှူဒါန်း ကြသည်။ (သတင်းစဉ်)

ရွှေမောင်းတီးစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် လက်ဆောင်ကွင်းကျေးရွာအုပ်စု မောင်းတီးကြီးကျေးရွာတွင် တည်ထားကိုးကွယ်သည့် ဉာဏ်တော် ၁၀၈တောင်ရှိ ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင် ရွှေမောင်းတီးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယ ပွဲတော်ကို တပေါင်းလဆန်း ၁၀ရက် (ဖေဖော်ဝါရီ ၂၅ရက်)မှ ၁၀ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

တပေါင်းလဆန်း ၁၀ ရက်မှစ၍ ရန်ကုန်မြို့ နယ်လှည့်ဓမ္မကထိက မဟာဓမ္မာစရိယဦးဣန္ဒက အရှင်သူမြတ်၏ ညတရားပွဲများကို သုံးညတိုင်တိုင် ကျင်းပပြီး တပေါင်းလဆန်း ၁၄ရက်မှစ၍ ငါးရက်တိုင်တိုင် အဘိဓမ္မာခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ပွဲ၊ အနေကဇာတင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ကူဝိတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ကူဝိတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ရှိတ် မူဟာမက် ဆားဘား၊ အယ်ဆယ်လမ်၊ အယ်ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)



ထောက်ကြန့် ဓမ္မဝိနယပရိယတ္တိ စာမေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ပြည်လမ်းရှိ ရှေးဟောင်းတောရကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် အရှင်ဓမ္မရက္ခိတ (ထောက်ကြန့်တောရ-ချောင်းဦးဆရာတော်) ဦးစီး၍ ဩဝါဒါစရိယနှင့် နာယက ဆရာတော်ကြီးများ ကြီးမှူးကျင်းပသော တေဝီသတိ (၂၃)ကြိမ်မြောက် လှည်းကူး-မှော်ဘီ-မင်္ဂလာဒုံ သုံးမြို့နယ် ဓမ္မဝိနယပရိယတ္တိ သာသနာပြုစာမေးပွဲကြီးကို ယနေ့နံနက်မှစတင်၍ လေးရက်တိုင်တိုင်ကျင်းပရာ စာဖြေသံဃာ ၃၀၉ပါး ပါဝင်ဖြေဆိုတော်မူကြသည်။ **(အပေါ်ပုံ)**

ဖေဖော်ဝါရီ ၂၇ရက် (အင်္ဂါနေ့)တွင် ယခင်နှစ်မှ အောင်မြင်တော်မူကြ ပြီးသော ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ ရှင်သာမဏေတန်းအောင်ပြီး သံဃာတော်တို့အား အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုတို့ကို ဆက်ကပ်လှူဒါန်း မည်ဖြစ်ရာ ဆွမ်းအလှူရှင်များ၊ ရပ်ဝေး ရပ်နီးမှ ကုသိုလ်ရှင်များ ပါဝင်ကုသိုလ် ယူနိုင်ကြောင်းသိရသည်။ (က-ပ)

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက်တွင် (၄၄)ရပ်ကွက် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး လင်းလက်ကြယ်စင် စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှဌေးနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။ (မြို့နယ် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၂-၂၀၀၇ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်	၁၀း၂၅	နိုင်ငံတကာအနုပညာရေးရာ
၇း၀၅	အချိန်တိုင်းတွေးနေရင်း ဘဝပြောင်းနေသည် တရားတော်(အပိုင်း-၁) [အရှင်ဇေယျပဏ္ဍိတ (ပိုင်းလော့)ဆရာတော်]	၁၀း၅၅	တေးဂီတအစီအစဉ်
၈း၀၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (လန်ဒန်မြေပဲယို)	၁၁း၀၀	ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ပျော်ပွဲရွှင်ပွဲနှင့် အထူးဈေးရောင်းပွဲတော်အကြို
၈း၃၅	တေးဂီတအစီအစဉ်	၁၁း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၄၀	Sunday Talk [ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)]	၁၁း၂၀	မိသားစုတနင်္ဂနွေ (ဒေးစွန်ပါစေတီတော်)
၉း၃၀	တေးဂီတအစီအစဉ်	၁၁း၅၀	တေးဂီတအစီအစဉ်
၉း၃၅	ဖူးမြော်စေချင် မဇ္ဈိမဒေသတစ်ခွင်	၁၁း၅၅	ရေကောင်းရေသန့်ပေးဝေမည် ရန်ကုန်မြို့နေပြည်သူတွေဆီ
၁၀း၁၅	ပြည်တွင်းသတင်းအကျဉ်း	၁၂း၁၅	မိုးလေဝသခန့်မှန်းချက်
		၁၂း၂၀	ပြည်တွင်းသတင်းအကျဉ်း
		၁၂း၃၀	ကော်ဖီထုတ်လုပ်ခြင်းနှင့် ကော်ဖီသောက်သုံးမှု
		၁၂း၅၀	နိုင်ငံတကာသတင်းအကျဉ်း
		၁၂း၅၅	တေးဂီတအစီအစဉ်
		၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၃၀	ပွဲကြိုသုံးသပ်ချက် (၁)	5-Sports
၇း၀၀	ပွဲကြိုသုံးသပ်ချက် (၂)	5-Sports(Live)
၇း၂၅	Wigan-Newcsatle	5-Sports(Live)
၉း၂၄	Blackburn-Portsmouth	5-Series(Live)
၉း၃၀	Tottenham-Bolton	5-Series(Live)

Serie A ဘောလုံးပွဲစဉ်

၂း၀၀	AC Milan-Sampdoria	5-Sports(Live)

အီရန်နိုင်ငံအစ်ဖာဟာန်ရှိ ယူရေနီယံအားဖြည့်လောင်စာ ထုတ်လုပ်ရေးအဏုမြူစခန်းတစ်နေရာ၏ ထိန်းချုပ်ခန်းကို ဖေဖော်ဝါရီ ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားသမ္မတနှင့် မလေးရှားဝန်ကြီးချုပ်တွေ့ဆုံ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆွေးနွေး

ဂျကာတာ ဖေဖော်ဝါရီ ၂၃

အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘမ်ဘန်းယူဒိုယိုနိုနှင့် မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာဘာဒါဝီတို့သည် အင်ဒိုနီးရှားနိုင်ငံ၌ ဖေဖော်ဝါရီ ၂၂ရက်က တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် မီးခိုးမြူကင်းစင်ရေး၊ ဘော်နီယိုကျွန်း၌ သစ်တောထိန်းသိမ်းရေးနှင့် အလုပ်သမားရေးရာကိစ္စရပ်တို့တွင် နှစ်နိုင်ငံပူးပေါင်းမှု တိုးမြှင့်ဆောင်ရွက်သွားရန်တို့ ပါဝင်သည်။

အင်ဒိုနီးရှားနှင့် မလေးရှား နှစ်နိုင်ငံတို့သည် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် မိမိတို့သဘောတူကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုဖြင့် နှစ်နိုင်ငံ ပိုမိုချစ်ကြည် ရင်းနှီးလာကြမည်ဟု မျှော်လင့်ကြောင်း အင်ဒိုနီးရှားနိုင်ငံ သမ္မတနန်းတော်၌ ကျင်းပသော ဆွေးနွေးပွဲပြီးဆုံးပြီးနောက် သတင်းစာရှင်းလင်းပွဲတွင် မလေးရှားဝန်ကြီးချုပ် ဘာဒါဝီက ပြောကြားသည်။

တိုးမြှင့်

နှစ်နိုင်ငံစီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့လုပ်ကိုင်ခြင်းဖြင့် ကုန်သွယ်ရေးဝင်ငွေ တိုးမြှင့်လာမည်ဟု မျှော်လင့်ထားကြောင်း မလေးရှားဝန်ကြီးချုပ်က ပြောကြားသည်။

နှစ်နိုင်ငံစလုံး၏ကုန်သွယ်ရေးသည် ယမန်နှစ်က ၂၈ ရာခိုင်နှုန်း တိုးတက်ခဲ့ရာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၉ ဘီလီယံရရှိကြောင်း ဆူဆီလိုက ပြောကြားသည်။

သဘောတူညီ

ဒေသတွင်း၌ မီးခိုးမြူထွက်ရှိနိုင်သည့်အတွက် အင်ဒိုနီးရှားနိုင်ငံရှိ တောမီးလောင်ကျွမ်းမှု ဖြစ်စေနိုင်သော ကိစ္စရပ်များကို နှစ်နိုင်ငံက ပူးပေါင်းဖယ်ရှားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဘော်နီယိုကျွန်း၌ သစ်တောထိန်းသိမ်းရေးကို ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီကြခြင်းဖြစ်ကြောင်း ဆူဆီလိုက ပြောကြားသည်။

ယမန်နှစ်ကုန်ပိုင်းက ဆူမားတြားကျွန်းနှင့် ဘော်နီယိုကျွန်းတို့တွင် တောမီး လောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ အာဆီယံ အိမ်နီးချင်းနိုင်ငံများ၌ မီးခိုးမြူများ ဖုံးလွှမ်းသွားမှုကြောင့် ပြစ်တင်ဝေဖန်ခံရသည်။ ယင်းကိစ္စအတွက်လည်း သမ္မတဆူဆီလိုက တောင်းပန်ခဲ့သည်။

၁၉၉၈ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံဒေသတွင်း၌ မီးခိုးမြူဖုံးလွှမ်းမှုကြောင့် အမေရိကန်ဒေါ်လာ ကိုးဘီလီယံ ဖိုးရှိသော စီးပွားရေးဆုံးရှုံးမှုဖြစ်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အစမ္မမှုကျူးလွန်သည့် အမေရိကန်တပ်ဖွဲ့ဝင် ထောင်နှစ်၁၀၀ချမှတ်ခံရ

ဖို့ဒ်ကင်ဆဲလ်(ကင်တာကီ) ဖေဖော်ဝါရီ ၂၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ပိုင်း မာမွတ်ဒီယာမြို့မှ အသက် ၁၄နှစ်အရွယ်ရှိ အီရတ် အမျိုးသမီးငယ်ကို အဓမ္မပြုကျင့်ပြီး သတ်ပစ်ခဲ့သည့် အပြင် မိသားစုကိုပါ သတ်ဖြတ်သော ပြစ်မှုနှင့် စပ်လျဉ်း၍ အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို ထောင်ဒဏ်နှစ် ၁၀၀ ချမှတ်ခဲ့ကြောင်း စစ်ဘက်သတင်းရပ်ကွက်က ဖေဖော်ဝါရီ ၂၂ရက်တွင် ပြောကြားသည်။

ပြစ်မှုကျူးလွန်သူ တပ်ဖွဲ့ဝင်မှာ အသက် ၂၄နှစ်အရွယ်ရှိ တပ်ကြပ်ကြီး ပေါကော့တက်ဇ်ဖြစ်သည်။ ယင်းကို တပ်မှထုတ်ပယ်ပစ်ခဲ့ပြီးနောက် ကြီးလေးသော ပြစ်ဒဏ် ချမှတ်ခံရခြင်းဖြစ်သည်။

အမ်အင်အေးရိုက်တာ။

တောင်ကိုရီးယားရောက်အမေရိကန်စစ်သားများ ဆိုးလ်မြို့ ဟောင်ဂစ် တက္ကသိုလ်လမ်းမပေါ်၌ ရမ်းကား

ဆိုးလ် ဇန်နဝါရီ ၂၉

ကိုရီးယားသမ္မတနိုင်ငံ YTN ရုပ်မြင်သံကြားဌာန၏ ထုတ်လွှင့်မှုကို ကိုးကား၍ The Korea Post သတင်းစာက ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂၉ရက်နေ့၌ Young US military personnel rampage on street in front of Hongik University in Seoul ခေါင်းစဉ်ဖြင့် သတင်းတစ်ပုဒ်ကို ကောက်နုတ်ဖော်ပြခဲ့ကြောင်းသိရသည်။

အဆိုပါ သတင်းအပြည့်အစုံမှာ တောင်ကိုရီးယားနိုင်ငံဆိုးလ်မြို့ ဟောင်ဂစ်တက္ကသိုလ်ရှေ့ရှိ လမ်းပေါ်တွင် စနေ၊ တနင်္ဂနွေပိတ်ရက် ညပိုင်းများတွင် လူငယ်များဖြင့်စည်ကားလေ့ရှိသည်။ မကြာမီကာလများမှစ၍ နိုင်ငံခြားသားများ၊ အထူးသဖြင့် ကိုရီးယားရောက် အမေရိကန်စစ်သားများပိုမိုများပြားလာသည်။ ၎င်းတို့သည်ပုံပျက်ပန်းပျက်အပြုအမူများဖြင့် ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်အောင် ပြုလုပ်ကြသည်။ သို့ရာတွင် ကိုရီးယားရဲများက လက်ပိုက်ကြည့်နေကြသဖြင့်ထိုလမ်းပေါ်ရှိဖျော်ဖြေရေးဌာနတော်တော်များများတွင်"အမေရိကန်စစ်သားများမဝင်ရ"ဟူသည့် ဆိုင်းဘုတ်များ ချိတ်ဆွဲထားလာကြသည်။

"လွန်ခဲ့သည် စနေနေ့ညက ထိုလမ်းပေါ်၌ ဆံပင်တိုတိုညှပ်ထားသော နိုင်ငံခြားသား သုံးလေးယောက်သည် ဖြတ်သွားဖြတ်လာ အမျိုးသမီးများကို ထိကပါးရိကပါးလုပ်ခြင်း၊ အော်ဟစ်ခြင်း၊ လက်ညှိုးထိုးလှောင်ပြောင်ခြင်းများ ပြုလုပ်သည်။ လက်ကိုင်ဖုန်းပြောနေသော အမျိုးသမီးငယ်တစ်ဦးမှာ ကြောက်လန့်တကြားဖြင့် ထိုနေရာမှ သုတ်ခြေတင်ထွက်ပြေးသွားခဲ့ရသည်။ ထိုလူငယ်များသည် အနီးရှိ နောက်ဖေးလမ်းကြားထဲတွင် အခြားအမျိုးသမီးငယ်များကိုလည်း ချဉ်းကပ်မြူဆွယ်ခဲ့ကြသည်။

" YTN ရုပ်မြင်သံကြားက တွေ့ဆုံမေးမြန်းရာတွင် တက္ကသိုလ်ကျောင်းသားတစ်ဦးက"ဒီနိုင်ငံခြားသားတွေဟာ အများပြည်သူတွေကို စိတ်အနှောင့်အယှက်ဖြစ်အောင်လုပ်နေကြတယ်၊ ဟောင်ဂစ်တက္ကသိုလ်လမ်းပေါ်မှာ ဒါမျိုးတွေ တွေ့ရတာရိုးနေပါပြီ"ဟု ဆိုသည်။ ထိုအမေရိကန်စစ်သားများသည် အရက်သေစာသောက်စားကာ လမ်းမပေါ်တွင် မီးပုံရှို့ခြင်း၊ ပါတီပွဲကျင်းပခြင်းများ ပြုလုပ်ကြသည်။ မူးမူးရူးရူးဖြင့် လမ်းမအလယ်တွင် အညစ်အကြေးစွန့်ပြီး မဖွယ်မရာလုပ်ပြကြသည်။ ထိုမဖွယ်မရာမြင်ကွင်းများကို နောက်တစ်နေ့နံနက်လင်းသည်အထိ တွေ့မြင်နေကြရသည်။

"အမေရိကန်စစ်သားများကို အဝင်မခံသော ဖျော်ဖြေရေးဌာနများ တိုးပွားလာသည်။ ထိုနိုင်ငံခြားသားလူငယ်များအနေဖြင့် ရာဇဝတ်ပြစ်မှုများ ကျူးလွန်လာကြမည်ကို ကိုရီးယားပြည်သူများက စိုးရိမ်နေကြသည်။ ၂၀၀၇ခုနှစ်ဇန်နဝါရီ ၁၃ရက်နေ့ကဖြစ်ရပ်တစ်ခုတွင် အရက်မူးနေသော အမေရိကန်စစ်သားတစ်ယောက်က အသက် ၆၀အရွယ်ရှိ ကိုရီးယားအမျိုးသမီးကြီးတစ်ဦးကို နောက်ဖေးလမ်းကြားတွင် မုဒိမ်းကျင့်ခဲ့သည်။ ထိုဖြစ်ရပ်သည် ကိုရီးယားလူ့အသိုင်းအဝိုင်းကို တုန်လှုပ်ချောက်ချားသွားစေခဲ့သည်"ဟူ၍ ဖြစ်သည်။

(အမ်အင်အေ)

အာဖဂန်နစ္စတန်တွင် ကြက်ငှက်တုပ်ကွေးရောဂါ တွေ့ရှိ

ကဘူး ဖေဖော်ဝါရီ ၂၃

အာဖဂန်နစ္စတန်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ထပ်မံပေါ်ပေါက်လာကြောင်း အာဖဂန်အစိုးရက ဖေဖော်ဝါရီ ၂၂ ရက်က အတည်ပြုချက်ထုတ်ပြန်သည်။

အာဖဂန်နစ္စတန် အရှေ့ပိုင်း နန်ဂါနှင့် ကူနာပြည်နယ်တို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ တွေ့ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူလာဖာဟမ်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အသက်အန္တရာယ် ဆုံးရှုံးစေနိုင်လောက်သော ကြက်ငှက်တုပ်ကွေးရောဂါ H_5N_1 ဗိုင်းရပ်စ်ပိုးကို ငှက်များတွင်သာ တွေ့ရှိရပြီး လူသားများတွင် မတွေ့ရှိရကြောင်း တာဝန်ရှိသူက ပြောကြားသည်။

၂၀၀၆ ခုနှစ် အစောပိုင်းကာလကလည်း ကဘူးမြို့ အပါအဝင် အာဖဂန်နစ္စတန်နိုင်ငံ၏ ပြည်နယ်များ၌ ကြက်ငှက် တစ်ဒါဇင်ကျော်ခန့်တွင် ကြက်ငှက်တုပ်ကွေးရောဂါပိုး စမ်းသပ်တွေ့ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီဂျစ်နိုင်ငံတွင် ရှေးဟောင်းအုတ်ဂူတစ်လုံးပေါ်ရှိ ရုပ်ကြွများအား မွမ်းမံပြင်ဆင်လျက်ရှိသည်ကို ဖေဖော်ဝါရီ ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံခြား သတင်းများ

စင်ကာပူနိုင်ငံတွင် တရုတ်နှစ်သစ်ကူးကာလ ပျော်ပွဲရွှင်ပွဲအဖြစ် ပလတ်စတစ် ဘောလုံးအတွင်း ဝင်ရောက်၍ ဖျော်ဖြေတင်ဆက်နေသည်ကို ဖေဖော်ဝါရီ ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အယ်လ်ဂျာဇီယာရုပ်မြင်သံကြားမှ သတင်းစာဆရာလေးဦး အဖမ်းခံရရာမှ ပြန်လည်လွတ်မြောက်လာ

ကဘူး ဖေဖော်ဝါရီ ၂၃

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းဒေသ ဟယ်လ်မန်းပြည်နယ်မှ စစ်သွေးကြွများက အယ်လ်ဂျာဇီယာရုပ်မြင်သံကြားကွန်ရက်မှ သတင်းစာဆရာလေးဦးကို တစ်ရက်ကြာ ဖမ်းဆီးထိန်းသိမ်းပြီးနောက် ဗုဒ္ဓဟူးနေ့တွင်ပြန်လွှတ်ကြောင်း သတင်းစာဆရာ အဖွဲ့ဝင်တစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားသည်။

ခေါ်ဆောင်သွား

မိမိတို့သည် ဂါရက်ခရိုင်မှ လမ်းတစ်လမ်းပေါ်သို့ ရောက်ရှိနေစဉ် မျက်နှာဖုံးစွပ်ထားသည့် သေနတ်သမားတို့က စစ်သွေးကြွများရှိသည့် ကျေးရွာသို့ ခေါ်ဆောင်သွားသည်ဟု အာမက်ဘူခါရီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

၎င်းစစ်သွေးကြွများက ကင်မရာနှင့် အခြားပစ္စည်းများ ယူဆောင်သွားကာ စစ်ဆေးပြီးနောက် ပြန်လည်ပေးသည်ဟု ၎င်းက ထပ်လောင်း ပြောကြားသည်။

မိမိတို့ကို ၂၆ နာရီ ထိန်းသိမ်းထားစဉ်အတွင်း စစ်သွေးကြွများက စားနပ်ရိက္ခာများကျွေးပြီး ကောင်းမွန်စွာဆက်ဆံသည်ဟု ဘူခါရီက ပြောကြားသည်။

ခေါင်းဆောင်လုပ်သူ၏ အမိန့်ဖြင့် သတင်းစာဆရာများကို ပြန်လွှတ်ပေးခဲ့သည်ဟု တာလီဘန်အုပ်စုမှ ပြောရေးဆိုခွင့်ရှိသူ အာမာဒီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

(၆၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ကြေးမုံ The Mirror အင်တာနက်သတင်းများ

အိုဇုန်းထုတ် ပစ္စည်းကိရိယာများကြောင့် ကျန်းမာရေး ထိခိုက်နိုင်ကြောင်း သတိပေး

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၂၄

အလုံပိတ်အခန်းများတွင် လေထုသန့်စင်ရန်အတွက် အိုဇုန်းထုတ်ပေးသောစက်များ အသုံးပြုခြင်းသည် အကျိုးများသည်ဟု ယူဆနေကြသော်လည်း ထိုစက်များကြောင့် ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်လာနိုင်သည်ဆိုသော အချက်ကို သတိပြုသင့်သည်ဟု သုတေသီများက ဖေဖော်ဝါရီ ၂၁ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

လေထုအတွင်း လိုအပ်သည်ထက် အိုဇုန်းဓာတ် ပို၍ပါရှိနေလျှင် အဆုတ်ပျက်စီးနိုင်ခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူမဝခြင်းနှင့် လည်ချောင်းယားယံခြင်း စသည့် ဝေဒနာများကို ခံစားရစေနိုင်သည်ဟု ဆိုသည်။

အိုဇုန်းထုတ်ပေးသောစက်များ အသုံးပြုသောအခါ၌ သံပရာအနံ့ပါသော လေသန့်စင်သည့် ဓာတုဗေဒဆေးရည်ကို တွဲ၍သုံးလျှင် အခြေအနေကို ပို၍ဆိုးရွားစေသည်ဟု ဆိုသည်။

လေသန့်စင်စက်မှ ထွက်လာသောအိုဇုန်းဓာတ်သည် လေထုတွင်းရှိ အငွေ့ပြန်နေသော မပြည့်ဝ သြဂဲနစ်ဓာတ်ပစ္စည်းများနှင့် ပေါင်းစည်းမိလျှင် အလွန်သေးငယ်သော အမှုန်အမွှားလေးများ ဖြစ်ပေါ်လာစေကြောင်း သိရသည်။

လေထုအတွင်း ယင်းအမှုန်အမွှားကလေးများ များပြားလာလျှင် ရင်ကျပ်ရောဂါရစေခြင်း၊ နှလုံးသွေးကြောဆိုင်ရာ ပြဿနာဖြစ်ခြင်းနှင့် အဆုတ်ကင်ဆာဖြစ်ခြင်း စသည့် ဝေဒနာများကို ဖြစ်ပေါ်လာစေနိုင်သည်ဟု ကာလီဖိုးနီးယားတက္ကသိုလ်မှ သုတေသီများက ပြောကြားသည်။

ပြည်သူများအနေဖြင့် လေထုသန့်စင်သော ပစ္စည်းကိရိယာများသည် ရာခိုင်နှုန်းပြည့် ကောင်းမွန်သောကိရိယာများမဟုတ်၊ အခြေအနေကိုလိုက်၍ အကန့်အသတ်များရှိသည်ဆိုသော အချက်ကို သဘောပေါက်သိရှိထားရန် လိုအပ်သည်ဟု ကယ်လီဖိုးနီးယားတက္ကသိုလ်မှ လက်ထောက်ပါမောက္ခဆာဂျီ နီဇိုရိုဒေါ်ဖ်က ပြောကြားသည်။

လေထုသန့်စင်ပေးသော ပစ္စည်းများသည် လေထုအတွင်း အိုဇုန်းဓာတ်ကို မြင့်တက်လာစေရုံသာမက လေထုညစ်ညမ်းမှုကိုလည်း ဖြစ်ပေါ်စေသည်။ လေထုအတွင်း၌ အမှုန်အမွှားငယ်များ ဖြစ်ပေါ်စေနိုင်သည် ဆိုသည့်အချက်ကို သိထားရန်လိုအပ်ကြောင်း နီဇိုရိုဒေါ်ဖ်က ပြောကြားသည်။

သုတေသီများသည် လေ့လာမှုပြုလုပ်ရာ၌ တစ်နာရီလျှင် အိုဇုန်းဓာတ် နှစ်မီလီဂရမ် ထုတ်ပေးသောစက်နှင့် တစ်နာရီလျှင် အိုဇုန်းဓာတ် ၁၀၀ မီလီဂရမ် ထုတ်ပေးသောစက်များကို အသုံးပြု၍ လေ့လာခဲ့ကြခြင်းဖြစ်သည်။

အင်တာနက်

လေထုကို သန့်စင်ပေးသည့် အိုဇုန်းထုတ်ပေးသော စက်တစ်လုံးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဇင်ဘာဘွေ လယ်သမားများကို ကြက်ဆူပင် စိုက်ပျိုးရန် အားပေး

ဟာရာရေး ဖေဖော်ဝါရီ ၂၄

ဇင်ဘာဘွေအာဏာပိုင်များက လယ်သမားများကို ကြက်ဆူပင်တိုးချဲ့စိုက်ပျိုးရန် ဆွဲဆောင်အားပေးသည့်အနေဖြင့် ကြက်ဆူဆီ၏ ဈေးကို ၆၀ ရာခိုင်နှုန်းအထိ မြှင့်တင်ပေးလိုက်ကြောင်း ဟာရယ်သတင်းစာက ဖေဖော်ဝါရီ ၂၂ ရက် သတင်းတွင် ဖော်ပြသည်။

ကြက်ဆူဆီ တစ်တန်၏ ဈေးသည် မူလက အမေရိကန်ဒေါ်လာ ၁၄၀ ပေါက်နေရာမှ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၄၀ အထိ အာဏာပိုင်များက ဈေးနှုန်းမြှင့်တင်ခဲ့ခြင်းဖြစ်သည်။

ကြက်ဆူသီး၏ဈေးနှုန်းသတ်မှတ်ရာ၌ ရေနံ၏ ဈေးနှုန်းအခြေအနေနှင့် ချိန်ညှိ၍ သတ်မှတ်ပေးခြင်းဖြင့် လယ်သမားများအနေဖြင့် ကြက်ဆူစိုက်ပျိုးလိုစိတ် ပိုမိုဖြစ်ပေါ်လာစရာရှိသည်ဟု အစ်ဇက်မာခါက ပြောကြားသည်။ ၎င်းသည် ဇင်ဘာဘွေအမျိုးသား ရေနံလုပ်ငန်းတွင် ယာယီအကြီးအကဲအဖြစ် တာဝန်ယူနေသူဖြစ်သည်။ **အင်တာနက်**

ပခုက္ကူမြို့နယ်အတွင်း ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သည့် ပြည်သူလူထုအခြေပြု ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်း ပခုက္ကူမြို့နယ် ရွှေချောင်းရပ်ကွက်နှင့် မြို့သစ်ရပ်ကွက်များအတွင်း အေအိုင်ဒီအက်စ်၊ တီဘီ၊ အခြား နာတာရှည်ရောဂါ လူနာများနှင့် မိသားစုများအတွက် လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းဆောင်ရွက်မည့် ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေး လုပ်ငန်း ညှိနှိုင်းပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီတွင် ပခုက္ကူမြို့ ရွှေချောင်းရပ်ကွက် ဆေးခန်း ခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းပွဲသို့ ပခုက္ကူခရိုင်နှင့် မြို့နယ် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံအုပ် ဒေါက်တာမြင့်မြင့်လှိုင်၊ ပခုက္ကူမြို့ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင် ဆရာဝန် ဒေါက်တာတင်မောင်ထွေး၊ တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင် ဆရာဝန် ဒေါက်တာမာမာဌေး၊ ကျန်းမာရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နယ်မြေခံလူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများ တက်ရောက်ကြသည်။ ညှိနှိုင်းပွဲတွင် ဆောင်ရွက်မည့် လုပ်ငန်းများအကြောင်း အသိပေးတင်ပြပြီး လုပ်ငန်းအစီအစဉ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် ပခုက္ကူခရိုင်နှင့် မြို့နယ် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပခုက္ကူမြို့အထွေထွေ ရောဂါကုဆေးရုံအုပ်နှင့် ပခုက္ကူမြို့နယ် ကျန်းမာရေးဦးစီးဌာန ခုခံကျ/ကာလသားနှင့် တီဘီရောဂါ တိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင် ဆရာဝန်များ၊ တာဝန်ရှိသူများသည် ပခုက္ကူမြို့နယ်အတွင်းရှိ ရွှေချောင်းအုပ်စုနှင့် မြို့သစ်ရပ်ကွက်များသို့ ကွင်းဆင်း၍ အေအိုင်ဒီအက်စ်ရောဂါသည်များ အပါအဝင် တီဘီရောဂါနှင့် အခြား နာတာရှည်ရောဂါဝေဒနာရှင် လူနာအား ဆေးရုံ/ဆေးခန်းသို့ ညွှန်းပို့ပေးခြင်း၊ အစားအသောက်များ ကူညီပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ မိသားစုများအနေဖြင့် စနစ်တကျ ပြုစုစောင့်ရှောက်တတ်အောင် လက်တွေ့ဆေးထည့်ပေးခြင်းနှင့် ကျန်းမာရေးပညာပေးခြင်း၊ လူနာများအား အကျိုးရှိစွာ နေထိုင်တတ်စေရန်နှင့် ထပ်ဆင့်ရောဂါများ ကူးစက်ပြန့်ပွားမှုမရှိအောင် နေထိုင်တတ်စေရန် ပညာပေးခြင်း၊ အားပေးကူညီခြင်းများ ဆောင်ရွက်ခြင်း၊ ကျန်းမာရေးနှင့် သက်ဆိုင်သည့် နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ရောဂါဝေဒနာရှင်များနှင့် မိသားစုများအတွက် ကျန်းမာရေးပညာပေး လက်ကမ်းစာစောင်များနှင့် ပိုစတာများ ဖြန့်ဝေပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

အောက်ကလိအာ

❊ ကျီးနှင့် ကြက်မ
ဖောက်ပြားကြ၍
ပေါက်ဖွားရသည့်သတ္တဝါ။

❊ အောက်အီးအီးအွတ်
မာန်တင်းရွတ်လည်း
အွတ် ဟု အသံထွက်မလာ။

❊ ကောက်ကောက်မိုမို
နှုတ်သီးညိုမှာ
ကျီးလို အာ-အာ မတတ်ရှာ။

❊ မျိုးနွယ်ပျောက်သည့်
အောက်ကလိအာ
သတ္တဝါသည်
ဘယ်မှာ အမျိုးချစ်မည်နည်း။ ။

မျိုးသာခင်

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီတွင် မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ရုံးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မြင့်မြင့်စိုး တက်ရောက်၍ အမှာစကားပြောကြားပြီး **(အောက်ပုံ)** မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များသို့ အရင်းမပျောက် မတည်ရန်ပုံငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ယဉ်ယဉ်မြတ်က ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၏ အစီရင်ခံစာကို တင်သွင်းပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များက လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြကြသည်။

ယင်းနောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်မြမြဝိုင်းက တင်ပြချက်များကို ခြုံငုံသုံးသပ်ခြင်း၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များက ရှေ့လုပ်ငန်းစဉ်များ တင်ပြခြင်း၊ ပြည်နယ်အတွင်းရေးမှူးက ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မြင့်မြင့်စိုးက နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စက်ခလုတ်နှိပ် ဖွင့်လှစ်

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ပျက်စီးအောင်၊ တိုင်းပြည်ဖရိုဖရဲပြိုကွဲအောင် ပြည်တွင်းပြည်ပအဖျက်သမားများက နည်းမျိုးစုံဖြင့် လုပ်ဆောင်နေခြင်းကို အထူးသတိပြု နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး မပျက်ယွင်းအောင် ဝိုင်းဝန်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တပ်မတော်အရာရှိကြီးများနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၂ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ တပ်မတော် ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာရာ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့သို့ နံနက် ၁၀နာရီတွင် ရောက်ရှိသည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ အကြီးအကဲများက ကြိုဆိုနှုတ်ဆက်ကြသည်။

စက်ခလုတ်နှိပ် ဖွင့်လှစ်

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ တောင်ကြီးမြို့ အေးသာယာမြို့သစ် ရွှေညောင်-တောင်ကြီး ပြည်ထောင်စု လမ်းမကြီးပေါ်ရှိ ရှမ်းပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ရုံးသစ်အဆောက်အအုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

အဆိုပါ ရုံးအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများ၊ ခရိုင်နှင့်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ ရှမ်းနှင့်ပအိုဝ်း တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ရုံး အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနား ပထမပိုင်းကို ရုံးသစ်အဆောက်အအုံရှေ့၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် ရှမ်းပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးညွန့်ဝင်းတို့က ရုံးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှမ်းပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ရုံး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ရုံး အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းကို ရုံးသစ်အဆောက်အအုံခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းလွင်က ရုံးအဆောက်အအုံ ဆောက်လုပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရုံးအဆောက်အအုံသစ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ရှမ်းပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းလွင်ထံ ကြယ်စင်ထွန်းဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာ ဦးဝင်းတင်က လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံ ရှမ်းပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းလွင်က ရုံးအဆောက်အအုံသစ်ဖွင့်ပွဲအထိမ်းအမှတ်အလံကို ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးတို့အား ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ရုံးအဆောက်အအုံသစ်ဖွင့်ပွဲအထိမ်းအမှတ် အလံများကို အသီးသီး ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အသက်(၇၅)နှစ်ပြည့်ပြီးသူ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေများကို တောင်ကြီး၊ ကလော၊ ဟိုပုံး၊ ညောင်ရွှေ၊ ဆီဆိုင်၊ ရပ်စောက်၊ ဖယ်ခုံ၊ ပင်းတယ၊ မိုင်းကိုင်၊ လွိုင်လင်နှင့် နမ့်စန်မြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့ဥက္ကဋ္ဌများထံ ပေးအပ်ပြီး အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် အဆောက်အအုံသစ်သည် ရှမ်းပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့အနေဖြင့် စီမံရေးရာကိစ္စရပ်များကို လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်စေရန် တည်ဆောက်ပေးထားသည့် အဆောက်အအုံဖြစ်ကြောင်း။

ယခု အဆောက်အအုံအတွင်းမှာပင်ခရိုင်နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့များ၏ ရုံးခန်းများကိုလည်း ဖွဲ့စည်းတည်ဆောက်ပေးထားကြောင်း။

ကူညီစောင့်ရှောက်

စစ်မှုထမ်းဟောင်းအဖွဲ့ကို တပ်မတော်၏ဦးဆောင်မှုကို စဉ်ဆက်မပြတ်ခံယူပြီး တပ်မတော်၏အရန်အင်အားအဖြစ် နိုင်ငံတော်အား ကာကွယ်စောင့်ရှောက်ရန်၊ စစ်မှုထမ်းဟောင်း အချင်းချင်းနှင့် စစ်မှုထမ်းဟောင်းမိသားစုဝင်များကို ကူညီစောင့်ရှောက်ရန်၊ အခြားသောလူမှုရေးအဖွဲ့များနှင့် ပူးပေါင်းပြီး နိုင်ငံတော် တည်ဆောက်ရေး လုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်၍ အဖွဲ့၏ရည်ရွယ်ချက်များ အောင်မြင်စေရန် အစဉ်အမြဲဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

မိမိတို့တပ်မတော် အစိုးရအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် အဘက်ဘက်က နောက်ကျခဲ့ရသည့် နိုင်ငံတော်ကြီး အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးဖြစ်ထွန်းမှုများ ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ နှစ်ပေါင်း ၅၀ကျော်တိုင်အောင် ကြာမြင့်လာခဲ့သော လက်နက်ကိုင် ဆန့်ကျင်မှုများ ချုပ်ငြိမ်းပပျောက်သွားစေရန် မှန်ကန်သည့် သဘောထားစေတနာနှင့် လက်တွေ့ကျကျ ဆောင်ရွက်နိုင်ခဲ့မှုကြောင့် ယနေ့ဆိုလျှင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၁၇ ဖွဲ့နှင့် အဖွဲ့ငယ်များ ဥပဒေဘောင်အတွင်း ပြန်လည်ရောက်ရှိလာကြပြီး ယင်းတို့၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့် အတူတကွ လက်တွဲကြိုးပမ်းမှုများကြောင့် ယနေ့ဆိုလျှင် အဆိုပါဒေသများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနေပြီး အချို့ဒေသများဆိုလျှင် မြို့ပြများနှင့်မခြား တိုးတက်စည်ပင်နေသည်ကိုတွေ့မြင်ရမှာဖြစ်ကြောင်း၊ ဒေသနေ တိုင်းရင်းသားပြည်သူများ၏ ပညာရေး၊ကျန်းမာရေးနှင့် လူမှုစီးပွားရေး အခြေအနေများမှာလည်း တိုးတက်၍နေကြပြီး ယခင်ကမရရှိခဲ့သည့် ငြိမ်းချမ်းမှုနှင့် သာယာအေးချမ်းမှုများကို လက်တွေ့ခံစားရရှိနေကြပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏ လက်ရှိအခြေအနေကောင်းများရရှိအောင် ယခုတက်ရောက်လာကြသည့် စစ်မှုထမ်းဟောင်းများ ကိုယ်တိုင်လည်း ပါဝင်ကြိုးပမ်းခဲ့ကြခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မျှမျှတတ ဟန်ချက်ညီညီ တိုးတက်ဖွံ့ဖြိုးမှုများရရှိလာစေရအောင် နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်း၊အထူးဒေသကြီး(၂၄)ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို ဆက်စပ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြည်သူများ လူနေမှုဘဝတိုးတက်မြင့်မားလာစေရေးကို ဆက်လက်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေးအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍစုံတွင် လိုအပ်သည့် အခြေခံပညာကျောင်းနှင့် တက္ကသိုလ်များ၊ လမ်း၊ တံတား၊ လေယာဉ်ကွင်း၊ ဆည်မြောင်းတာတမံ၊ ဆေးရုံ ဆေးပေးခန်းစသည့် အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ပေးလျက်ရှိရာ ယနေ့ဆိုလျှင် ကဏ္ဍတိုင်းတွင် လိုအပ်သည့် အခြေခံအဆောက်အအုံများ ထုနှင့်ထည်နှင့် ဖြစ်ပေါ်နေသည်ကို မြင်တွေ့ကြရမှာဖြစ်ကြောင်း။

လက်တွဲဆောင်ရွက်

ဤသို့ နိုင်ငံတော်၏ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာမှု အခြေခံကောင်းများကို ပျက်စီးအောင်၊ တိုင်းပြည်ဖရိုဖရဲပြိုကွဲ ပျက်စီးစေရအောင် ပြည်တွင်း၊ ပြည်ပအဖျက်သမားများက နည်းမျိုးစုံဖြင့် လုပ်ဆောင်နေခြင်းကို အထူးသတိပြုပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး မပျက်ယွင်းစေရအောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့အပြင် ယနေ့ပြည်သူအများက လိုလားတောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ထောင်နိုင်ရေး မရှိမဖြစ်လိုအပ်လှသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ပြီးမြောက်လာစေရအောင် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ထို့ကြောင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအနေဖြင့် မိမိတို့အဖွဲ့အစည်းအင်အား ကျစ်လျစ်ခိုင်မာစွာဖြင့် ရည်မှန်းချက်များအောင်မြင်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်တည်ထောင်ရေးလုပ်ငန်းစဉ်များနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ရှမ်းပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ရုံးအဆောက်အအုံသည် အေးသာယာမြို့သစ် တောင်ကြီး-ရွှေညောင် ပြည်ထောင်စုလမ်းမကြီးပေါ်၌ တည်ရှိပြီး အလျား ၁၈၃ပေ၊ အနံပေ ၃၀ရှိ အာရ်စီနှစ်ထပ်အဆောက်အအုံဖြစ်သည်။ အဆောက်အအုံ၌ အစည်းအဝေးခန်းမကျယ်တစ်ခန်း၊ ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ရုံးခန်း တစ်ခန်း၊တောင်ကြီးခရိုင်နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်းများနှင့် ဧည့်ခန်းတစ်ခန်းတို့ ပါဝင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များ ထုတ်လုပ်လိုက်သည့် စက်မှုကုန်ပစ္စည်းများ စံချိန်စံညွှန်း အရည်အသွေးမြှင့်တင်ရေးကို အလေးထားပြီး ထုတ်လုပ်ဖို့လို ထုတ်လုပ်သည့်ပစ္စည်းများ စံချိန်စံညွှန်းသတ်မှတ်ရေး ပူးပေါင်းအဖြေရှာ

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း (၁၃) ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးတွင်ခင်းကျင်းပြသထားသော ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အဆောက်အအုံ မင်္ဂလာခန်းမ၌ ကျင်းပသော မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း (၁၃)ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် အစည်းအဝေးမစတင်မီ မင်္ဂလာခန်းမ အောက်ထပ်၌ ခင်းကျင်းပြသထားသော မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများ အသင်းဝင် ကုမ္ပဏီများမှ ထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နှစ်ပတ်လည်အစည်းအဝေးကို စတင်ကျင်းပရာ အစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စက်မှု ကုန်ထုတ်လုပ်သူများအသင်း နာယက ဦးဝင်းမြင့်နှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိက မြန်မာနိုင်ငံ စက်မှု ကုန်ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးမြတ်သင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ စက်မှုလုပ်ငန်းရှင်များနှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ စက်မှုလက်မှုကဏ္ဍ အခြေအနေကို အသိပေးပြောကြားလိုကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဘက်စုံ ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်အောင် နည်းလမ်းအသွယ်သွယ်ဖြင့် အကောင်အထည်ဖော်လုပ်ကိုင်ပေးလျက်ရှိရာ တစ်နှစ်ထက်တစ်နှစ် စီးပွားရေး တိုးတက်အောင်မြင်မှုများ ရရှိနေပြီဖြစ်ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စက်မှုနိုင်ငံတော်ကြီးဖြစ်အောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေး အောင်မြင်ဖြစ်ထွန်းသည့် နိုင်ငံအဖြစ် တည်ရှိနေသကဲ့သို့ စက်မှုလက်မှုလုပ်ငန်းများ ဖြစ်ထွန်းရေးကိုလည်း တစ်ဖက်မှကြိုးပမ်းဆောင်ရွက်ရမှာဖြစ်ကြောင်း၊ နိုင်ငံတော်အနေနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်များ ထူထောင်ပြီး စက်ရုံမြေနေရာချထားပေးခြင်း၊စက်ရုံတည်ထောင်နိုင်ရန် လိုအပ်သည်များ ကူညီပံ့ပိုးပေးခြင်း၊ ရေ၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေးဆိုင်ရာပံ့ပိုးမှုများ၊ စက်ရုံသုံး စက်မှုကုန်ကြမ်းများ တတ်နိုင်သရွေ့ပံ့ပိုးကူညီမှုများ ပေးလျက်ရှိကြောင်း၊ ထို့အပြင် နည်းပညာဖြန့်ဝေခြင်း၊ နိုင်ငံတော်စက်ရုံများမှ အချို့သော အစိတ်အပိုင်းများအတွက် လုပ်ငန်း အပ်နှံဆောင်ရွက်ပေးခြင်း၊ စက်မှုဇုန်များမှ ထုတ်လုပ်ပြီး နိုင်ငံတော်၏ စက်ရုံများအတွင်း အသုံးတည့်သည့်စက်မှုကုန်ကြမ်း ပစ္စည်းများ မှာယူသုံးစွဲခြင်းစသည့်စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၏ လိုအပ်ချက်များကို ပံ့ပိုးမှုများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အထူးသဖြင့် စက်မှုလယ်ယာကဏ္ဍကို အထောက်အကူပြုသော စက်မှုလုပ်ငန်းများ၊ စက်ပစ္စည်းကိရိယာများထုတ်လုပ်သည့် စက်မှုလုပ်ငန်းများ၊ ပြည်ပသွင်းကုန်အစားထိုးစက်မှုလုပ်ငန်းများကို ဦးစားပေး ပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စက်မှု လုပ်ငန်းရှင်များကလည်း အပြန်အလှန်အကျိုးပြုသည့်အနေဖြင့် နိုင်ငံတော်အတွက်လိုအပ်သည့် စက်ယန္တရားများ၊ လူသုံးကုန်ပစ္စည်းများကို အရည်အသွေး အဆင့်အတန်းမီ ထုတ်လုပ်ပေးခြင်း၊ လက်ရှိစက်မှုလုပ်ငန်းများ၊ စက်ရုံများ စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး၊ လယ်ယာကဏ္ဍဆိုင်ရာစက်ပစ္စည်းများ တိုးတက်တီထွင် ထုတ်လုပ်ပေးနိုင်ရေး၊ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများတိုးမြှင့်ထူထောင်ရေး၊ စက်မှုလုပ်ငန်းသစ်များ တိုးချဲ့ထူထောင်နိုင်ရေးတို့အတွက် အားသွန်ခွန်စိုက် ထုတ်ပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

စက်မှု ထုတ်ကုန်ပစ္စည်းများကို သွင်းကုန်အစားထိုးအနေနှင့် သာမက ပြည်တွင်းသုံးစွဲမှုအတွက်ရော၊ ပြည်ပပို့ကုန် အနေနှင့်ပါ တစ်နှစ်ထက် တစ်နှစ် တိုးတက်ထုတ်လုပ်နေသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ နိုင်ငံတော်၏ လျှပ်စစ်စွမ်းအား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်းများကို စဉ်ဆက်မပြတ်ချမှတ်ပြီး အကောင်အထည်ဖော် လုပ်ကိုင်ပေးလျက်ရှိကြောင်း၊ ၂၀၀၇ ခုနှစ် နှစ်လယ်ပိုင်းမှစပြီး စက်မှုဇုန်များမှာ လျှပ်စစ်မီး ပြည့်ပြည့်ဝဝ ပေးနိုင်ရန် စီစဉ်လုပ်ကိုင်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ တစ်ပြည်လုံးအတိုင်းအတာ အနေနှင့် ၂၀၀၈ခုနှစ်တွင် တစ်ပြည်လုံးလျှပ်စစ်မီးလင်းတော့မည်ဆိုသည်ကို အသိပေး ပြောကြားလိုကြောင်း။

စွမ်းအင်ကဏ္ဍနှင့် ပတ်သက်ပြီး ပြောကြားလိုသည်မှာ ရေနံအခြေခံ စွမ်းအင်များ (Petroleum based Products) ရှားပါးကုန်ခန်းလာခြင်းကြောင့် ရေနံလောင်စာ၏တန်ဖိုးများ တစ်နေ့တခြား ကမ္ဘာ့ဈေးကွက်မှာ မြင့်တက်လျက်ရှိနေကြောင်း၊ ရေနံလောင်စာများသုံးစွဲမှုကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု စသည့်ဆိုးကျိုးများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအတော်များများမှာ ပြန်ဖြည့်မြဲစွမ်းအင် (Renewable Energy) စွမ်းအင်သစ်များ သုတေသနပြု ဖော်ထုတ်သုံးစွဲလျက် ရှိကြပြီဖြစ်သဖြင့် မြန်မာနိုင်ငံမှာလည်း ခြံစည်းရိုးကြက်ဆူပင်များကို ကျယ်ကျယ်ပြန့်ပြန့် ပြည်နယ်၊တိုင်း အသီးသီးမှာ စိုက်ပျိုးပြီး ဇီဝလောင်စာ (Biofuel, Bio Diesel) များ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းလုပ်ကိုင်နေကြပြီဖြစ်ကြောင်း၊ ခြံစည်းရိုး ကြက်ဆူပင်များသာမက အခြားဇီဝလောင်စာများ ထုတ်လုပ်နိုင်သော သီးနှံများရှာဖွေတိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်း Biofuel , Bio Diesel ဇီဝလောင်စာများ ထုတ်လုပ်ကုန်သွယ်မှုလုပ်ငန်းများ ဖြစ်ထွန်းပေါ်ပေါက်ရေးကို လုပ်ငန်းရှင်များက ကြိုးပမ်းလုပ်ကိုင်ရန် တိုက်တွန်းပြောကြားလိုကြောင်း။

ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများတွင် အသေးစားနှင့် အလတ်စားလုပ်ငန်းများသည် ရာခိုင်နှုန်းအားဖြင့် ၉၅ရာခိုင်နှုန်းအထက်တွင်ရှိပြီး နိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်လုပ်ကိုင်ပေးလျက်ရှိကြောင်း၊ လုပ်ငန်းအမျိုးမျိုးမှာ အစားအစာနှင့် အဖျော်ယမကာထုတ် လုပ်ငန်းများကို အများဆုံးတွေ့ရမှာဖြစ်ကြောင်း၊ အသေးစား၊အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးကူညီဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း။

ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းအနေဖြင့် စနစ်တကျလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို တတ်အားသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ပညာပေးဟောပြောပွဲများ၊ ဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်း၊ ကျွမ်းကျင်မှုသင်တန်းများဖွင့်လှစ်သင်ကြားပေးခြင်းကို အခါအားလျော်စွာဆောင်ရွက်ပေးခြင်း၊ စက်မှုသတင်းအချက်အလက်များကို Industrial Digest စာစောင်မှတစ်ဆင့် ဖြန့်ဝေပေးခြင်းလုပ်ငန်းများ တစိုက်မတ်မတ်ဆောင်ရွက်ပေးနိုင်ခဲ့သည့် အတွက်လည်း မှတ်တမ်းတင်ဂုဏ်ယူကြောင်း၊ အသင်းအနေဖြင့် ရရှိပြီးအစဉ်အလာကောင်းများကို ဆက်လက် ထိန်းသိမ်းလုပ်ကိုင်သွားရန်၊ ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများကို ဆက်လက် ထိန်းသိမ်း လုပ်ကိုင်သွားရန်၊ ပုဂ္ဂလိက စက်မှုလက်မှု လုပ်ငန်းများ၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုစွမ်းအား (Productivity) တိုးတက်မြင့်မားလာစေရန်၊ ပြည်တွင်းပြည်ပ၌ ပိုမိုယှဉ်ပြိုင်နိုင်မှုစွမ်းအား၊ (Competativeness) ရှိစေရန်နှင့် ထပ်ဆင့်တန်ဖိုးမြှင့် ကုန်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း (Value-Added Industry) များ တိုးချဲ့လုပ်ကိုင်နိုင်ရေးအတွက် အဘက်ဘက်မှကူညီပံ့ပိုးသွားရန် တိုက်တွန်းပြောကြားလိုကြောင်း။

ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များက ထုတ်လုပ်လိုက်သည့် စက်မှုကုန်ပစ္စည်းများနှင့် ပတ်သက်ပြီး စံချိန်စံညွှန်း အရည်အသွေး မြှင့်တင်ရေးကိုလည်း အလေးထားပြီးထုတ်လုပ်ရန် လိုအပ်မှာဖြစ်ကြောင်း၊ ဒါမှ ASEAN အဖွဲ့ဝင်နိုင်ငံအနေနဲ့ ASEAN ဈေးကွက်နှင့် ကမ္ဘာ့ဈေးကွက်များကို ထိုးဖောက်ရောင်းချနိုင်မှာဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များမှ ထုတ်လုပ်သည့်ပစ္စည်းများ စံချိန်စံညွှန်းသတ်မှတ်ရေးကိုလည်း ပူးပေါင်းအဖြေရှာ ဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း။

နိဂုံးချုပ်အနေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်သည့် စက်မှုနိုင်ငံတော်ကြီးအဖြစ် ဖြစ်ထွန်းလာစေရေးအတွက် အမျိုးသား စက်မှုလုပ်ငန်းများကို တိုးတက်ဖြစ်ထွန်းလာအောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် အသင်းမှ ချမှတ်ထားသည့် ရည်မှန်းချက်များ အောင်မြင်မှုရရှိကြရန်နှင့် အသင်းမှ ချမှတ်ထားသည့် ရည်မှန်းချက်များ အောင်မြင်မှု ရရှိစေရန်၊ အသင်းအမှုဆောင်လူကြီးများနှင့် အသင်းသူ၊ အသင်းသားများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များမှ အတ္တနှင့်ပရမ္မတစွာ တက်ညီလက်ညီလုပ်ကိုင်ဆောင်ရွက်ကြရန်လည်း တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် တင်နိုင်သိန်း တို့က အသီးသီး အမှာစကားပြောကြားကြသည်။ထို့နောက်ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများ အသင်း နာယက ဦးဝင်းမြင့်က အမှာစကားပြောကြားသည်။

ယင်းနောက် အလှူရှင်များဖြစ်ကြသော ဦးမြတ်သင်းအောင်-ဒေါ်ခင်မြင့်မြင့်ကငွေကျပ်သိန်း ၅၀၊ ဒေါက်တာစိန်မြင့်နှင့် ဦးစိန်ဝမ်းတို့က ငွေကျပ် ၄၅သိန်းစီ၊ ဒေါ်ခိုင်ဇော်က ငွေကျပ် ၂၅သိန်း၊ ဦးကျော်အောင်က ငွေကျပ်သိန်း ၂၀၊ ဦးလှမြင့်ရွှေက ငွေကျပ် ၁၇သိန်းတို့ကို အသင်းရန်ပုံငွေအတွက် လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော ဦးသိန်းဟန်က ငွေကျပ် ၁၆ သိန်း၊ ဒေါက်တာအောင်သိန်း၊ ဦးစိုးတင့်၊ ဦးဝေဖြိုးနှင့် ဦးအေးဟန်တို့က ငွေကျပ် ၁၅ သိန်းစီ၊ ဦးချစ်စိန်နှင့် ဦးရန်မင်းတို့က ငွေကျပ် ၁၀သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် အလှူရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းနှင့် ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

အသင်းရန်ပုံငွေအတွက် ယနေ့ လှူဒါန်းငွေပေါင်းမှာ ငွေကျပ် ၄၀၉၆၀၀၀၀ နှင့် တစ်လုံးလျှင် ငွေကျပ် နှစ်သိန်းတန် မှန်ဗီရိုသုံးလုံးဖြစ်သည်။

ထို့နောက် အစည်းအဝေးကို ခေတ္တရပ်နားပြီး (၁၃)ကြိမ်မြောက် အသင်းသားစုံညီ နှစ်ပတ်လည်အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပ၍ ၂၀၀၇ခုနှစ်နှင့် ၂၀၀၈ ခုနှစ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်သစ်များ၏ အမည်စာရင်းကို ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဦးက ဖတ်ကြားကြေညာပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ နှစ်ပတ်လည် စုံညီအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပေါင်းလောင်းမြစ်ပေါ်၌ တမံအလျား ပေ ၁၆၄၀၊ တမံအမြင့် ၃၂၅ ပေရှိ RCC Dam အမျိုးအစားတမံကို တည်ဆေ
အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက မဂ္ဂါဝပ် ၇၀ အားရှိ စက်နှစ်လုံးမှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၄၀ ထ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

စီမံကိန်းရှင်းလင်းဆောင်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းက ရှင်းလင်းတင်ပြရာ၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်းများကို အစဉ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုရောက်ရှိနေသည့် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းသည် စစ်တောင်းမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများတွင် ပါဝင်သည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း။

စစ်တောင်းမြစ်ဝှမ်း၌ ကွန်း၊ ရဲနွယ်၊ ခပေါင်း၊ ဖြူး၊ ရွှေကျင်၊ ဘောဂတ၊ သောက်ရေခပ်၊ ပေါင်းလောင်း၊ အထက်ပေါင်းလောင်းနှင့် နန်းချို စီမံကိန်းတို့ကို အကောင်အထည်ဖော်လျက်ရှိရာ ယင်းစီမံကိန်းအားလုံး ပြီးစီးပါက လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၉၉၀ ရရှိမည်ဖြစ်ပါကြောင်း၊ စီမံကိန်းများအနက် ရဲနွယ်နှင့်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းတို့မှာ ပြီးစီးပြီးစီမံကိန်းများဖြစ်ပါကြောင်း။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းမှာ တည်ဆောက်ပြီး ပေါင်းလောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၏ အထက်ဘက် ၁၅ မိုင်အကွာ၌ တည်ရှိပါကြောင်း၊ ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း၏ နှစ်စဉ် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို တိုးတက်စေပြီး နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ထပ်မံဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ပေါင်းလောင်းမြစ်ပေါ်၌ တမံအလျားပေ ၁၆၄၀၊ တမံအမြင့် ၃၂၅ ပေရှိ RCC Dam အမျိုးအစားတမံကို တည်ဆောက်လျက်ရှိပါကြောင်း၊ စီမံကိန်းပြီးစီးပါက မဂ္ဂါဝပ် ၇၀ အားရှိ စက်နှစ်လုံးမှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၄၀ ထုတ်ယူရရှိမည်ဖြစ်ပါကြောင်းဖြင့် စီမံကိန်းနှင့်စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြပြီး ချဉ်းကပ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းများ၊ စီမံကိန်းနှင့် ဆက်စပ်နေသည့် နန်းချိုတံတား၊ လိန်းလီတံတား တည်ဆောက်ရေးလုပ်ငန်းများကိုလည်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးဦးမျိုးမြင့်က အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်လျက်ရှိသည့် ဒေသ၏ ထူးခြားသော ဘူမိအနေအထားများ၊ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းကြောင့် ပေါင်းလောင်းရေအား ဓာတ်အားပေးစက်ရုံအတွက် ရရှိသည့်အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။

လိန်းလီတံတား

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ပျဉ်းမနား–ပင်လောင်းလမ်း အခြေအနေနှင့် ယင်းလမ်းပေါ်ရှိ လိန်းလီတံတား တည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

တည်ဆောက်ဆဲ အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန
ဦးခင်ဇော်ကပေါင်းလောင်း ရေလွှဲဆည်တ
ပျဉ်းမနားမြို့နယ်၌ စိုက်ပျိုးရေပေးဝေနိုင်
တည်ဆောက်လျက်ရှိသည့် အခြေအနေမျ

လမ်းညွှန်မှာကြ

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း
လမ်းညွှန်မှာကြားရာတွင် **ရေအားလျှပ်
နိုင်ငံတော်၏ ဖွံ့ဖြိုးရေးစီမံကိန်းများကို
မိမိတို့တွင် အတတ်ပညာနှင့် အတွေ့အ
ဖြစ်နိုင်သရွေ့ အချိန်စောပြီးစီးအောင် နည်း
တီထွင်ကြံဆရှာဖွေပြီး အားထုတ်လုပ်ကို
မိမိတို့၏ တီထွင်ကြံဆမှု၊ အားထု
စေတနာခံယူချက် မှန်ကန်မှုတို့ကြောင့် စီ
တွက်ချက်မျှော်မှန်းသည်ထက် အချိန်စော**

ဖိဖိစီးစီးကြိုးစာ

**ယခု အထက်ပေါင်းလောင်း စီမံကိန်း
ဆောင်ရွက်၍ရသည့်လုပ်ငန်းများကို တစ်ပြို
သည့် နည်းလမ်းဖြင့် ဖိဖိစီးစီး ကြိုးစား
အချိန်စော၍ ပြီးစီးသွားနိုင်မှာဖြစ်ကြောင်**
ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ပါဝင်ဆောင်ရွက်လျက်ရှိသည့် Colenco
မှ စီမံကိန်းဒါရိုက်တာအား သစ်သီးလက်

ကြည့်ရှုစစ်ဆေ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှ
ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း၌
လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်
ကြသည်။
အထက်ပေါင်းလောင်း ရေအားလျှပ်
ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေ
ဆောက်ရေးက တာဝန်ယူဆောင်ရွက်နေ

နန်းချိုရေအားလျှပ်

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်
မိနစ် ၄၀ တွင် ပျဉ်းမနားမြို့၏ အရှေ့ဘ
ချောင်းပေါ်၌ တည်ဆောက်လျက်ရှိသည့် န
သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသ

ဤရေအားလျှပ်စစ် စီမံကိန်းများသည် နေပြည်တော် ပတ်ဝန်းကျင်ဒေသများအတွက်ရော နိုင်ငံတော်တစ်ရပ်လုံးအတွက်ပါမျှော်မှန်း၍တည်ဆောက်နေခြင်းဖြစ်ရာ ယင်းစီမံကိန်းများ၏ အကျိုးကျေးဇူးများကို ပြည်သူများအနေဖြင့် မြန်မြန်ခံစားနိုင်အောင်၊ လုပ်ငန်းများကို မြန်မြန်ပြီးစီးအောင် ကြိုးစားကြစေလို၊

ရေအားလျှပ်စစ်ထုတ်လုပ်သည့် တမံ၏ ရေဝေရေလဲဒေသများ၌ သစ်ပင်သစ်တောများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားနိုင်မှသာလျှင် တမံအတွင်း ရေဝင်ကောင်းမှာဖြစ်ရာ သစ်ပင်ခုတ်လှဲခြင်း၊ တောမီးရှို့ခြင်း၊ ရွှေ့ပြောင်းတောင်ယာလုပ်ကွက်များဖော်ခြင်းတို့ကို လုံးဝမပြုလုပ်ကြရန်လို။

...မျိုးအစားတမံကို တည်ဆောက်လျက်ရှိ ...တတ်အား မဂ္ဂါဝပ် ၁၄၀ ထုတ်ယူရရှိမည်

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်ကပေါင်းလောင်း ရေလွှဲဆည်တည်ဆောက်ခြင်းလုပ်ငန်းများ၊ ပျဉ်းမနားမြို့နယ်၌ စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် ဆည်တမံအသစ် တည်ဆောက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

လမ်းညွှန်မှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် **ရေအားလျှပ်စစ်စီမံကိန်း အပါအဝင် နိုင်ငံတော်၏ ဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်အထည်ဖော်ရာ၌ မိမိတို့တွင် အတတ်ပညာနှင့် အတွေ့အကြုံများရှိပြီးဖြစ်သည့်အတိုင်း ဖြစ်နိုင်သရွေ့ အချိန်စောပြီးစီးအောင် နည်းကောင်း၊ စနစ်ကောင်းများကို တီထွင်ကြံဆရှာဖွေပြီး အားထုတ်လုပ်ကိုင်ကြရန် လိုအပ်ကြောင်း။**

မိမိတို့၏ တီထွင်ကြံဆမှု၊ အားထုတ်ကြိုးပမ်းလုပ်ကိုင်မှု၊ စိတ်စေတနာခံယူချက် မှန်ကန်မှုတို့ကြောင့် စီမံကိန်းလုပ်ငန်းများမှာ မူလတွက်ချက်မျှော်မှန်းသည်ထက် အချိန်စော၍ ပြီးစီးသွားနိုင်ကြောင်း။

ဖိဖိစီးစီးကြိုးစား

ယခု အထက်ပေါင်းလောင်း စီမံကိန်းနှင့်စပ်လျဉ်း၍ တစ်ပြိုင်တည်း ဆောင်ရွက်၍ရသည့်လုပ်ငန်းများကို တစ်ပြိုင်တည်း လုပ်ကိုင်ဆောင်ရွက်သည့် နည်းလမ်းဖြင့် ဖိဖိစီးစီး ကြိုးစားလုပ်ကိုင်သွားကြမည်ဆိုလျှင် အချိန်စော၍ ပြီးစီးသွားနိုင်မှာဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စီမံကိန်းလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်လျက်ရှိသည့် Colenco Power Engineering Ltd မှ စီမံကိန်းဒါရိုက်တာအား သစ်သီးလက်ဆောင်ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း၌ စက်ယန္တရားကြီးများဖြင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၁) တည်ဆောက်ရေးက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။

နန်ချိုရေအားလျှပ်စစ်

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ပျဉ်းမနားမြို့၏ အရှေ့ဘက် ၁၆ မိုင်ခန့်အကွာ နန်ချိုချောင်းပေါ်၌ တည်ဆောက်လျက်ရှိသည့် နန်ချိုရေအားလျှပ်စစ် စီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နန်ချို ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့် Kansai Electric Power Co., Inc မှ Civil Engineer များအား သစ်သီးလက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော အခြေခံစက်မှု လုပ်ငန်းများ ဖြစ်ရုံသာမက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော စက်ပစ္စည်းကိရိယာများ ထုတ်လုပ်သည့် စက်ရုံများလည်း ဖြစ်ကြောင်း။

ယင်းစက်ရုံများ၏ လက်ရှိ ထုတ်လုပ်နိုင်မှုအပေါ် အခြေခံပြီး ပိုမိုတိုးတက်ကောင်းမွန်သော အင်ဂျင်စက်များ၊ တာဘိုင်များနှင့် စက်ကိရိယာများကို တိုးချဲ့ထုတ်လုပ်သွားနိုင်အောင် အမြဲတွေးခေါ်ကြံဆ၊ အားထုတ်တီထွင်နေရမှာဖြစ်ကြောင်း၊ မိမိတို့စက်ရုံအလုပ်ရုံများ၏ လက်ရှိ ထုတ်လုပ်နိုင်မှုအပေါ် ရောင့်ရဲတင်းတိမ်နေ၍ မဖြစ်ကြောင်း။

ဦးဆောင်ဦးရွက်ပြု

အမှန်မှာ အမှတ်(၂) စက်မှုဝန်ကြီးဌာနသည် နိုင်ငံတော်၏ စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် ဦးဆောင်ဦးရွက်ပြုသွားရန် တာဝန်ရှိကြောင်း၊ စက်မှုလုပ်ငန်းများ ထွန်းကားရေးအတွက် အကြံဉာဏ်များပေးပြီး လက်တွေ့

စက်မှုထွန်းကားမှသာ တိုင်းပြည်ချမ်းသာခေတ်မီမှာဖြစ် စက်မှုနိုင်ငံထူထောင်ဖြစ်ပေါ်ရေးကို အမြဲတွေးခေါ်ကြံဆအားထုတ်

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား စီမံကိန်း ရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် ဒုတိယဝန်ကြီး ဦးမျိုးမြင့်တို့က နန်ချို ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ရသည့် ရည်ရွယ်ချက်၊ စီမံကိန်းတည်နေရာ၊ စီမံကိန်း၌ အသုံးပြုသည့် ရေလွှဲစနစ်နှင့် တမံစနစ်ဆိုင်ရာအချက်အလက်များ၊ သတ်မှတ်ကာလထက် လုပ်ငန်းများစောပြီးစီးရေး ကြိုးပမ်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ဒေသအလိုက် ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားစီမံကိန်းများမှ ထွက်ရှိလာမည့် ဓာတ်အားများကို နိုင်ငံတော်ဓာတ်အားကွန်ရက်အတွင်း ထည့်သွင်းဖြန့်ဖြူးခြင်းအပါအဝင် လျှပ်စစ်ဓာတ်အားကို စနစ်တကျ ထိန်းသိမ်းဖြန့်ဖြူးပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မြန်မြန်ပြီးစီးအောင်ကြိုးစား

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **ဤရေအား လျှပ်စစ်စီမံကိန်းများသည် နေပြည်တော် ပတ်ဝန်းကျင်ဒေသများအတွက်ရော နိုင်ငံတော် တစ်ရပ်လုံးအတွက်ပါ မျှော်မှန်း၍ တည်ဆောက်နေခြင်းဖြစ်ရာ ယင်းစီမံကိန်းများ၏ အကျိုးကျေးဇူးများကို ပြည်သူများအနေဖြင့် မြန်မြန်ခံစားနိုင်အောင်၊ လုပ်ငန်းများကို မြန်မြန်ပြီးစီးအောင် ကြိုးစားကြစေလိုကြောင်း၊ ရေအားလျှပ်စစ်ထုတ်လုပ်သည့် တမံ၏ ရေဝေရေလဲဒေသများ၌ သစ်ပင်သစ်တောများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားနိုင်မှသာလျှင် တမံအတွင်း ရေဝင်ကောင်းမှာဖြစ်ရာ သစ်ပင်ခုတ်လှဲခြင်း၊ တောမီးရှို့ခြင်း၊ ရွှေ့ပြောင်းတောင်ယာလုပ်ကွက်များဖော်ခြင်းတို့ကို လုံးဝမပြုလုပ်ကြရန်လိုကြောင်း** မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို မှာကြားပြီး စီမံကိန်းလုပ်ငန်းများကို ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိသည့် Kansai Electric Power Co., Inc မှ Civil Engineer များအား သစ်သီးလက်ဆောင်ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ စီမံကိန်းဧရိယာအတွင်း စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

နန်ချိုရေအားလျှပ်စစ်စီမံကိန်းကို ပျဉ်းမနားမြို့၏ အရှေ့ဘက် ၁၆မိုင်ခန့်အကွာ၊ ပေါင်းလောင်းရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အထက်ဘက် ၁၂မိုင်အကွာ ပေါင်းလောင်းမြစ်အတွင်းသို့စီးဝင်သော နန်ချိုချောင်းပေါ်၌ တည်ဆောက်အကောင်အထည်ဖော် နေခြင်းဖြစ်သည်။

စီမံကိန်းအရ အလျား ၅၀၅ပေ၊ အမြင့် ၁၆၆ ပေရှိ ကွန်ကရစ်တမံ (Overflow Type)ကို တည်ဆောက်လျက်ရှိပြီး စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀ ထုတ်ယူရရှိမည်ဖြစ်သည်။

သာဂရစက်မှုနယ်မြေ

ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ သာဂရစက်မှုနယ်မြေစီမံကိန်းသို့ ရောက်ရှိကြရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စီမံကိန်းသုံးခု

ထို့နောက် သာဂရစက်မှုနယ်မြေစီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်စောလွင်က ရေတာရှည်မြို့နယ် သာဂရစက်မှုနယ်မြေ၌ မိမိတို့ဝန်ကြီးဌာနအနေဖြင့် စီမံကိန်းသုံးခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပထမစီမံကိန်းမှာ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံစီမံကိန်းဖြစ်ပြီး မြင်းကောင်ရေ ၂၅၀ မှ ၄၀၀၊ မြင်းကောင်ရေ ၃၃၀မှ ၅၄၀၊ မြင်းကောင်ရေ ၅၀၀ မှ ၈၀၀ ထိရှိမည့် အင်ဂျင်သုံးမျိုး ထုတ်လုပ်သွားမည့်စီမံကိန်းဖြစ်ပါကြောင်း၊ စီမံကိန်းအရ တစ်နှစ်လျှင် ဒီဇယ်အင်ဂျင်အလုံး ၇၀၀ ထုတ်လုပ်သွားနိုင်မည်ဖြစ်ပါကြောင်း။

ဒုတိယစီမံကိန်းမှာ မြေထိုးစက်နှင့် မြေတူးစက် ထုတ်လုပ်မှုစက်ရုံစီမံကိန်းဖြစ်ပြီး တစ်နှစ်လျှင် မြေထိုးစက်အစီး ၁၀၀ နှင့် မြေတူးစက်အစီး ၂၀၀ ထုတ်လုပ်သွားနိုင်မည်ဖြစ်ပါကြောင်း။

တတိယစီမံကိန်းမှာ ရေအားလျှပ်စစ်တာဘိုင်နှင့် လျှပ်စစ်ဓာတ်အားပေးစက် ထုတ်လုပ်မှုစက်ရုံစီမံကိန်းဖြစ်ပါကြောင်း၊ စီမံကိန်းအရ ထုတ်လုပ်မည့် တာဘိုင်နှင့် လျှပ်စစ်ဓာတ်အားပေးစက် အမျိုးအစားများမှာ ကီလိုဝပ် ၁၀၀၊ ကီလိုဝပ် ၅၀၀၊ ကီလိုဝပ် ၂၀၀၀၊ ကီလိုဝပ် ၅၀၀၀ ဖရန်စစ်တာဘိုင် အမျိုးအစားများ ဖြစ်ပါကြောင်း၊ တစ်နှစ်လျှင် အလုံးရေ စုစုပေါင်း ၅၀ ထုတ်လုပ်သွားနိုင်မည့် စီမံကိန်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး စီမံကိန်းအကောင်အထည်ဖော်ရသည့် ရည်ရွယ်ချက်များ၊ သဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးစီးမှုများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ နည်းပညာရရှိနိုင်မှုများ၊ စီမံကိန်းလုပ်ငန်းအလိုက် ဆောင်ရွက်ပြီးစီးနေသည့် အခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

လမ်းညွှန်မှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက လမ်းညွှန်မှာကြားရာတွင် **သာဂရ စက်မှုနယ်မြေ၌ ထူထောင်လျက်ရှိသော ဒီဇယ်အင်ဂျင်စက်ရုံ၊ မြေထိုးစက်နှင့် မြေတူးစက် စက်ရုံ၊ ရေအားလျှပ်စစ် တာဘိုင်နှင့် ဂျင်နရေတာစက်ရုံတို့သည် စက်မှုကဏ္ဍ**ရှေ့ဆောင်နိုင်အား ရှိရမှာဖြစ်ကြောင်း။

စက်မှုထွန်းကားမှသာ တိုင်းပြည်ချမ်းသာ ခေတ်မီမှာဖြစ်ရာ မိမိ၏ စက်ရုံ၊ အလုပ်ရုံများ တိုးတက်အောင်မြင်ရေးကိုသာမက စက်မှုနိုင်ငံ ထူထောင်ဖြစ်ပေါ်ရေးကိုလည်း အမြဲတွေးခေါ် ကြံဆ၊ အားထုတ်ရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

စီမံကိန်းမြေနေရာကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များသည် ဘက်စုံသုံးဒီဇယ်အင်ဂျင် ထုတ်လုပ်မှု စက်ရုံစီမံကိန်း မြေနေရာသို့ သွားရောက်ကြပြီး Ware House ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တပ်ဆင်ရေး အလုပ်ရုံ၊ သံပုံထောင်း အလုပ်ရုံ၊ စက်ပစ္စည်းအလုပ်ရုံ အမှတ်(၁)နှင့် သံရည်ကျိုအလုပ်ရုံတို့ တည်ဆောက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မြေထိုးစက်နှင့် မြေတူးစက် ထုတ်လုပ်မှု စက်ရုံစီမံကိန်းသို့ရောက်ရှိကြရာ ဝန်ကြီး ဗိုလ်ချုပ် စောလွင်၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့် တာဝန်ရှိသူတို့က စီမံကိန်းပြီးစီးပါက ထုတ်လုပ်သွားမည့် မြေထိုးစက်နမူနာကို ပြသကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် သာဂရစက်မှုနယ်မြေ စီမံကိန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ရဟတ်ယာဉ်များဖြင့် မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

များကို လည်းကောင်း၊ သံရည်ကျို သံနန်းဆွဲစက်၌ သုံးမတ်၊ ခြောက်မူး၊ ငါးမူးနှင့် သုံးမူးသံချောင်းများ ထုတ်လုပ်နေမှု လုပ်ငန်းအဆင့်ဆင့်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

တီထွင်ကြံဆ

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုး တိုးတက်လာစေရန်အတွက် စက်မှုဇုန်များ ထူထောင်ပေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းအားပေးနေခြင်းဖြစ်၍ ပြည်ပသွင်းကုန်အစားထိုး စက်မှုထုတ်ကုန်ပစ္စည်းများနှင့် အရည်အသွေးမီ စက်ကိရိယာပစ္စည်းများ ထုတ်လုပ်နိုင်သည်အထိ တီထွင်ကြံဆ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

အေးသာယာစက်မှုဇုန်၌ လယ်ယာကဏ္ဍကို အထောက်အကူ ပြုသည့် သွင်းကုန်အစားထိုး လက်တွန်းထွန်စက်၊ စပါးခြွေလှေ့စက်၊ စပါးရိတ်စက်၊ စက်နှင့် စက်အရန်ပစ္စည်းများ၊ မော်တော်ယာဉ် မျိုးစုံထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော စက်အရန်ပစ္စည်းမျိုးစုံ ထုတ်လုပ်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်က မတည်ကာ သံရည်ကျိုအလုပ်ရုံ၊ စက်ခုတ်စားအလုပ်ရုံနှင့် ပုံဖိပုံထောင်း အလုပ်ရုံတို့ကို တည်ထောင်ပေးခဲ့သည်။ ယခုအခါ အရည်အသွေးမီ သံထည်ပစ္စည်းများ ထုတ်လုပ်နိုင်နေပြီဖြစ်ကြောင်း သိရသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗထူးတပ်မြို့ တိုက်ခိုက်ရေးကျောင်းလေ့ကျင့်ရေး (ညီနိုင်း) အစည်းအဝေးခန်းမ၌ ဗထူးတပ်နယ်မှ တပ်မတော်အရာရှိများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စားသောက်ကုန်ပစ္စည်းစက်ရုံ

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အေးသာယာမြို့သစ်စက်မှုဇုန်ရှိ မြန်မာအင်းလေး စားသောက်ကုန် စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်၏ မြန်မာအင်းလေး ခရမ်းချဉ်သီးထွက် စားသောက်ကုန်ပစ္စည်းစက်ရုံသို့ ရောက်ရှိကြရာ ဒါရိုက်တာ ဦးအောင်လင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စက်ရုံ၌ ခရမ်းချဉ်သီးသယ်ရွှေ့စက်၊ ဆေးကြောစက်၊ ရွေးချယ်စက်၊ ညှစ်ခြေစက်၊ မွှေစက်၊ အရည်ညှစ်စက်များ၊ ခရမ်းချဉ်သီးထွက် စားသောက်ကုန်အမျိုးမျိုး ထုတ်လုပ်စက်၊ ထုပ်ပိုးစက်များဖြင့် ခရမ်းချဉ်သီးအနှစ် (Tomato Concentrate) သံဘူး၊ ခရမ်းချဉ်သီးအရည် (Tomato Juice) စက္ကူဘူးနှင့် သံဘူး ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဒါရိုက်တာ ဦးအောင်လင်းက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်ထုတ်လုပ်မည်

မြန်မာအင်းလေး စားသောက်ကုန်စက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်သည် ငရုတ်သီးဆော့ (Chili Sauce)၊ ခရမ်းချဉ်သီးဆော့ (Tomato Sauce) နှင့် Tomato Ketch Up၊ လိမ္မော်၊ လိုက်ချီး၊ ရှောက်၊ သံပရာ၊ စတော်ဘယ်ရီ အချိုရည် (Cordial)တို့ကို ဆက်လက် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အေးသာယာမြို့သစ် စက်မှုဇုန်၌ လယ်ယာသုံး လက်တွန်းထွန်စက်၊ ခြွေလှေ့စက်နှင့် စပါးရိတ်စက်များ၊ မော်တော်ယာဉ်များ၊စက်နှင့်စက်ကိရိယာ အရန်ပစ္စည်းများ၊ စားသောက်ကုန်မျိုးစုံနှင့် လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အေးသာယာမြို့သစ် စက်မှုဇုန်မှ ပြန်လည်ထွက်ခွာပြီး မွန်းလွဲ ၁နာရီခွဲတွင် တောင်ကြီးမြို့မှ ဗထူးတပ်မြို့သို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာသည်။

တွေ့ဆုံမှာကြား

အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဖေဖော်ဝါရီ ၂၃ရက် နံနက် ၁၀ နာရီခွဲတွင်ဗထူးတပ်မြို့တပ်နယ်အစည်းအဝေးခန်းမ၌ ဗထူးတပ်နယ်မှ တပ်မတော်အရာရှိများအား တွေ့ဆုံမှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်း၊ ရေ၊ လေ တပ်မတော်အရာရှိကြီးများ၊ ဗထူးတပ်နယ်မှ ဗိုလ်မှူးချုပ်စိုးဝင်းနှင့် တပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်အရာရှိများ တက်ရောက်ကြသည်။

အားပေးကူညီ

တွေ့ဆုံပွဲတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများကို ရှင်းလင်းပြောကြားပြီးနောက် တပ်ဖွဲ့ဝင် မိသားစုများ၏ သက်သာချောင်ချိရေးနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် အားပေးကူညီဆောင်ရွက်ပေးရေး မှာကြားသည်။

ထွက်ခွာ

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဗထူးတပ်မြို့မှ မန္တလေးမြို့သို့ တပ်မတော် ရဟတ်ယာဉ်ဖြင့် ထွက်ခွာကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တောင်ကြီး အေးသာယာစက်မှုဇုန်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အထက(၃) စမ်းချောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ အငြိမ်းစားဆရာ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အထက(၃)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ၊ ဆရာမကြီးများအား အငြိမ်းစား အာစရိယပူဇော်ပွဲကို မတ် ၂ရက် (တောင်သူလယ်သမားနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေထည့်ဝင်လိုသူများသည် ဦးအေးသိန်း ဖုန်း– ၅၀၄၈၀၈၊ ဒေါ်စန်းကြည် ဖုန်း– ၅၁၀၄၆၃၊ ဦးကံသာ ဖုန်း– ၅၀၁၄၂၅၊ ဦးခင်ဝင်း ဖုန်း– ၀၉–၅၁၃၈၂၃၃၊ ဒေါ်သီသီရွှေ ဖုန်း– ၅၁၀၆၄၆၊ ဦးသန်းထွန်းဦး ဖုန်း– ၅၁၉၀၂၈၊ ဆရာရွှေဇီဝ ဖုန်း– ၀၉–၅၁၄၉၅၃၃၊ ဒေါ်ခင်သီတာတင့် ဖုန်း– ၇၂၄၀၇၇၊ ဦးမင်းအောင်နိုင် ဖုန်း– ၀၉–၉၉၂၅၂၂၈၊ ဒေါ်ကြည်ကြည်ထွေး ဖုန်း– ၀၉–၈၀၂၁၃၂၆နှင့် ဦးခင်မောင်ဝင်း ဖုန်း–၅၁၀၆၈၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှကြီးမှူးဖွင့်လှစ်သော ဆယ်အိမ်စုမှူး ဆင့်ပွားသင်တန်းကို ဖေဖော်ဝါရီ ၂၂ ရက်က (၉)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ပြုလုပ်ရာ (၉)ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဌေး အသိပညာပေးဟောပြောစဉ်။ (၆၃)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅–၂–၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၅ ၆။ အဆိုပြိုင်ပွဲ
၈:၁၀ ၇။ မရမ်းကုန်းရေထိန်းတံခါး
၈:၂၀ ၈။ အကပြိုင်ပွဲ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Say it in English.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ Yan Can Cook.
၁၁:၅၅ ၅။ **မြန်မာရုပ်ရှင် “ပန်းမြို့တော်သို့ခြေလှမ်းသုံးဆယ်” (ဝင်းဦး၊ကျော်စွာဝင်း၊ချိုပြုံး) (ဒါရိုက်တာ–တက္ကသိုလ်ကိုကိုလေးနှင့်မန္တလေးတင်ထွန်း)**
၁:၃၀ ၆။ နိုင်ငံအဝန်းလွှမ်းမိုးစေချင် IT ဟောပြောပွဲအစီအစဉ်
၁:၄၅ ၇။ တေးဂီတအစီအစဉ်
၁:၅၅ ၈။ အတီးပြိုင်ပွဲ
၂:၀၅ ၉။ **“ပြေးပြေးလွှားလွှား သွားသွားလာလာ” (မောင်မောင်မြင့်၊ မောင်မောင်မျိုးသန့်၊မအေးမြင့်၊စိန်ဂွက်ထော်) (ဒါရိုက်တာ–မောင်မောင်မြင့်)**
၂:၁၅ ၁၀။ လက်ဆင့်ကမ်းပေး ဂီတတေး
၂:၂၅ ၁၁။ အကပြိုင်ပွဲ
၂:၃၅ ၁၂။ ကူးလူးဆက်သွယ် ချစ်ကြိုးနွယ် (ကရင်၊မွန်)
၂:၄၅ ၁၃။ International News.
၃:၀၀ ၁၄။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use
၄:၄၅ ၄။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (ဓာတုဗေဒ၊ရူပဗေဒ၊သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြုများ) (ဓာတုဗေဒ)**
၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၅:၁၅ ၆။ အကပြိုင်ပွဲ
၅:၂၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၃၀ ၉။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၀။ သီရိဂေဟာ
၇:၀၅ ၁၁။ တွေ့ဆုံဆွေးနွေးရေး တွေ့ဆုံဆွေးနွေးရေးဟုဆိုကာ (အပိုင်း–၆)
၇:၁၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ “သမားတော်” (အပိုင်း–၅)**
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ “လှပသောနေ့ရက်များ” (အပိုင်း–၂၈)**
၁၇။ နောက်တစ်နေ့အစီအစဉ်
၁၈။ အစီအစဉ်ပြီး၏။

မိုင် ၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ သဲချောင်းနှင့် တောင်တက် တောင်ဆင်းခရီး ခက်ခဲစွာဖြတ်ကျော်ပြီး သက်နိုင်ဦး ဗိုလ်စွဲ

သတင်းဆောင်းပါး–ညီညီစိုးညွန့်၊ ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်မှကြီးမှူးကျင်းပသည့် ရန်ကုန်–မန္တလေး–ရန်ကုန် မိုင် ၁၀၀၀ တာဝေးစက်ဘီးစီးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ပန်းဝင်ခဲ့ရာ ပြိုင်ပွဲတစ်လျှောက် သက်နိုင်ဦး(ဘဏ္ဍာ/အခွန်)က အမှတ်အများဆုံးဖြင့် ပထမရရှိသွားသည်။

ပြိုင်ပွဲဝင်အားကစားသမားများသည် ဖေဖော်ဝါရီ ၁၂ရက်တွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်းရှေ့မှ စတင်တာထွက်ပြီး ရန်ကုန်–လက်ပံတန်း၊ လက်ပံတန်း–ပြည်၊ ပြည်–တောင်တွင်းကြီး၊ တောင်တွင်းကြီး–မကွေး၊ မကွေး–ကျောက်ပန်းတောင်း၊ ကျောက်ပန်းတောင်း–မြင်းခြံ၊ မြင်းခြံ–မန္တလေး၊ မန္တလေး–မိတ္ထီလာ၊မိတ္ထီလာ–ပျဉ်းမနား၊ ပျဉ်းမနား–တောင်ငူ၊ တောင်ငူ–ညောင်လေးပင်၊ ညောင်လေးပင်–ရန်ကုန် စုစုပေါင်း ခရီးစဉ် ၁၂ခုကို စီးနင်းခဲ့ကြရပြီး ပြိုင်ပွဲဝင်အားကစားသမား ၈၄ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲအားလုံးအပြီးတွင် သက်နိုင်ဦး(ဘဏ္ဍာ/အခွန်)က ပထမ၊ ကျော်ကျော်ဦး (Flamingo)က ဒုတိယ၊ မင်းမင်းဟန်(လယ်/ဆည်)ကတတိယ၊ကျော်မျိုးလှိုင်(ဘဏ္ဍာ/အခွန်) က စတုတ္ထ၊ ထွန်းထွန်း(Maxxis)ကပဉ္စမ၊ဝင်းလှိုင်(လယ်/ဆည်) က ဆဋ္ဌမ၊ အောင်မျိုးနိုင်(Maxxis) က သတ္တမ၊ မြင့်အေး(ဘဏ္ဍာ/အခွန်)က အဋ္ဌမ၊ ချစ်ဦး(ရောဝတီတိုင်း)က နဝမနှင့် မျိုးလင်းအောင်(ရောဝတီတိုင်း)က ဒသမ ရရှိကြသည်။

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ကို အသစ်ပြန်လည်ဖွဲ့စည်းပြီးနောက် ပထမဆုံးအကြိမ်ကျင်းပသော မိုင်၁၀၀၀ ခရီးရှည်စက်ဘီးပြိုင်ပွဲသည် အောင်မြင်မှုရရှိသော ပြိုင်ပွဲတစ်ခုဖြစ်သည်။ ထို့ပြင် ခရီးစဉ်တွင် စက်ဘီးအားကစားဖွံ့ဖြိုးတိုးတက်ရေးများကို ပညာပေးဟောပြောခဲ့သည်။

မိုင် ၁၀၀၀ ခရီးရှည်စက်ဘီးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား ကြေးမုံက တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ရန်ကုန်–မန္တလေး–ရန်ကုန် မိုင် ၁၀၀၀ ချန်ပီယံ သက်နိုင်ဦး (ဘဏ္ဍာ/အခွန်)က "ယခုကဲ့သို့ ချန်ပီယံဆုရရှိသည့်အတွက် အလွန်ဝမ်းသာပါကြောင်း၊ နားနေရာမှ ယခုတာဝေးပြိုင်ပွဲရှိသည့်အတွက် ဝါသနာအရ လေ့ကျင့်ပြီး ပြိုင်ပွဲဝင်ခြင်းဖြစ်ကြောင်း၊ ခရီးစဉ် ၁၂ ခုတွင် ပထမ နှစ်ကြိမ်၊ ဒုတိယတစ်ကြိမ်၊ တတိယ နှစ်ကြိမ် ရရှိခဲ့သည့်အပြင် ကျန်ခုနစ်ခုတွင်လည်း အဆင့် (၁၀)အတွင်းဝင်ခဲ့ကြောင်း၊ ခရီးလမ်းတွင် သဲချောင်းများ၊ တောင်တက် တောင်ဆင်းများကို စီးနင်းယှဉ်ပြိုင်ခဲ့ရ၍ အခက်အခဲများရှိပါကြောင်း၊ ဝါသနာအရ စက်ဘီးစီးခြင်းဖြစ်သော်လည်း အသက်(၃၄)နှစ်ရှိပြီဖြစ်ပါကြောင်း" ပြောကြားသွားသည်။

ဒုတိယဆုရ ကျော်ကျော်ဦး (Flamingo) က "သူငယ်ချင်းဖြစ်သူ ပထမရသွားသည့် သက်နိုင်ဦးနှင့်အတူ လေ့ကျင့်ခဲ့ကြောင်း၊ နှစ်ဦးစလုံး ပထမနှင့်ဒုတိယ ရရမည်ဆိုသော ရည်မှန်းချက်များဖြင့် လေ့ကျင့်ခဲ့ခြင်းဖြစ်ကြောင်း၊ လေ့ကျင့်ချိန် နှစ်လသာရသော်လည်း ယခင် အတွေ့အကြုံများဖြင့် ပေါင်းစပ်ယှဉ်ပြိုင်ခဲ့ပါကြောင်း၊ ပြည်မြို့အကျော်မှာ ဆိုင်ကယ်ပင်မောင်းရန် ခက်ခဲသောလမ်းခရီးကို ခက်ခဲစွာစီးနင်းခဲ့ရကြောင်း၊ ခရီးစဉ် ၁၂ ရက်တွင် တစ်ရက်ချင်းအလိုက် ဆုရရှိရေးထက် စံချိန်ကောင်းရန်သာ အလေးပေးယှဉ်ပြိုင်ခဲ့ကြောင်း၊ ယနေ့ယှဉ်ပြိုင်ရသည့် ညောင်လေးပင်–ရန်ကုန် ခရီးစဉ်ကိုတော့ ဆုရရှိအောင် ဦးစားပေးစီးနင်းခဲ့ရာ ဒုတိယရရှိခဲ့ပါကြောင်း၊ မြန်မာ့စက်ဘီးအားကစား ဖွံ့ဖြိုးတိုးတက်ရန် ပြိုင်ပွဲများများ ကျင်းပပေးဖို့လိုပါကြောင်း" ပြောကြားသွားသည်။

တတိယဆုရ မင်းမင်းဟန် (လယ်/ဆည်)က "ခရီးစဉ် ၁၂ခုတွင် မြင်းခြံ–မန္တလေး ခရီးစဉ်နှင့် မန္တလေး–မိတ္ထီလာ ခရီးစဉ်များတွင် ပထမရရှိခဲ့ပါကြောင်း၊ ကျန် ၁၀ရက်မှာလည်း အဆင့် (၁၀)အတွင်းဝင်ခဲ့ကြောင်း၊ ခရီးစဉ် ပထမနေ့တွင် မိမိအနေနှင့် အခက်အခဲများနှင့် တွေ့ခဲ့ရကြောင်း၊ လေးရက်ဆက်တိုက် ဘီးပေါက်၍ ထိပ်ဆုံးမှ ဦးဆောင်နေသူများနှင့် စံချိန်ကွာသွားခဲ့ရကြောင်း၊ မန္တလေး–မိတ္ထီလာ ခရီးစဉ်တွင် သုံးမိနစ်ဖြတ်ပြီး ထိပ်ဆုံးမှ ပန်းဝင်နိုင်ခဲ့၍ စံချိန်သိပ်မကွာတော့ကြောင်း၊ စတုတ္ထနေရာမှ ကစားသမားနှင့်မိမိမှာ ယနေ့နောက်ဆုံးနေ့အထိ အပြိုင်အဆိုင် ဖြစ်ခဲ့ကြောင်း၊ ယနေ့ ညောင်လေးပင်–ရန်ကုန် ခရီးစဉ်တွင် စတုတ္ထနေရာမှ မြင့်အေးမှာ လက်ကိုင်လည်သွား၍ မိမိအနေဖြင့် ၂၅မိနစ်ဖြတ်နိုင်ခဲ့ကြောင်း၊ ထို့သို့ဖြစ်သွား၍ မြင့်အေးမှာ အဋ္ဌမနေရာအထိ ကျသွားကြောင်း၊ ပင်ပန်းစွာစီးနင်းခဲ့ရသော်လည်း တတိယဆုရရှိ၍ ကျေနပ်ဝမ်းသာပါကြောင်း" ပြောကြားသွားသည်။ (ကြေးမုံ)



ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း ပထမဆုရ သက်နိုင်ဦး (ဘဏ္ဍာ/အခွန်) အား ဆုတံဆိပ်နှင့် ဆုငွေကျပ် ၂၅ သိန်း ချီးမြှင့်စဉ်။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

မိုင် ၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ၌ ပထမဆုရ သက်နိုင်ဦး(ဘဏ္ဍာ/အခွန်)၊ ဒုတိယဆုရ ကျော်ကျော်ဦး (Flamingo)နှင့် တတိယဆုရမင်းမင်းဟန်(လယ်/ဆည်) တို့အား တွေ့ရစဉ်။ ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

"လေ့ကျင့်ချိန် နှစ်လသာရရှိခဲ့သော်လည်း ယခင်အတွေ့အကြုံကောင်းများဖြင့်ပေါင်းစပ်ကာ ဆုရရှိအောင် စီးနင်းခဲ့ကြောင်း" ဒုတိယဆုရ ကျော်ကျော်ဦး ပြောကြားစဉ်။ ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

"ခရီးလမ်းတွင် တောင်တက် တောင်ဆင်းများကို စီးနင်းယှဉ်ပြိုင်ရ၍ အခက်အခဲများစွာရှိကြောင်း" ပြောကြားသည့် ချန်ပီယံသက်နိုင်ဦး (ဘဏ္ဍာ/အခွန်)။
ဓာတ်ပုံ–စိုးညွန့်(ကြေးမုံ)

မြန်မာဂေါက်သီးရိုက်အသင်း၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာဂေါက်သီးရိုက်အသင်း၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် Club At Home အား မတ် ၉ရက်၊ ၁၀ရက်နှင့် ၁၁ရက်တို့တွင် မြန်မာဂေါက်သီးရိုက်အသင်း (၉)မိုင် ရန်ကုန်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

မတ် ၉ရက် (သောကြာနေ့)တွင် သက်ကြီးတန်းပြိုင်ပွဲ ကျင်းပမည်ဖြစ်ပြီး ရွှေ၊ ငွေ၊ ကြေးအဆင့် ပြိုင်ပွဲကို မတ် ၁၀ရက်(စနေနေ့)တွင် ကျင်းပမည်။ Club At Home နှင့် ဆုပေးပွဲအခမ်းအနားကို မတ် ၁၁ရက် (တနင်္ဂနွေနေ့)တွင် ညစာစားပွဲနှင့်အတူ ပြုလုပ်မည်ဖြစ်သည်။

မြန်မာဂေါက်သီးရိုက်အသင်း နှစ်(၆၀)ပြည့် အထိမ်းအမှတ်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြန်မာဂေါက်သီးရိုက်အသင်းနှင့် ဆက်နွယ်သည့်လုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့်အသင်းသားများက မေတ္တာဖြင့် အဓိကပံ့ပိုးကြပြီး ရပ်ဝေးရပ်နီးရှိ အသင်းသားများ ပါဝင်ယှဉ်ပြိုင်ကြရန် ဖိတ်ကြားထားကြောင်းသိရသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅–၂–၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၀	၄။	သာယာသီကြွေးခေတ်ဆန်းတေး
၁၂း၃၀	၅။	**မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် – တတိယမြောက်တိုက်ဆိုင်မှု**
၁း၅၀	၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁း၅၅	၇။	အပိတ်နှုတ်ဆက်စကား
၂း၀၀	၈။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	လက်စွမ်းပြပဟန်ဂီတသံ
၄း၃၀	၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၄၀	၆။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀	၈။	သံစဉ်များနှင့်ကမ္ဘာ
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၂၅	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၃။	လျှပ်တစ်ပြက်
၆း၄၅	၁၄။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀	၁၅။	**ရုပ်သံဇာတ်လမ်း "မြစ်တစ်စင်းရဲ့သံစဉ်" (အပိုင်း–၂၄)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	ပဟေဠိနန်းတော်
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	**FA CUP** ဘောလုံးပွဲ **Tottenham Hotspur Vs Bolton Wanderers**
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိတ်နှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

မြန်မာ့ပုလဲရောင်းချပွဲ-၂၀၀၇ နောက်ဆုံးနေ့ရောင်းချ ပုလဲကုန်သည်များက ပုလဲအတွဲ ၁၁၈ တွဲ ဝယ်ယူ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

နိုင်ငံတော်ဝင်ငွေ တိုးတက်ရရှိနိုင်ရေး ရည်ရွယ်ချက်ဖြင့် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ မြန်မာ့ပုလဲရောင်းချပွဲ-၂၀၀၇ ကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဒူးဇစ်အင်းယားလိတ်ဟိုတယ်၌ နောက်ဆုံးနေ့အဖြစ် ဆက်လက်ရောင်းချသည်။

အဆိုပါ မြန်မာ့ပုလဲရောင်းချပွဲ-၂၀၀၇ တွင် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းပိုင် ပုလဲများနှင့် နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်းထုတ်လုပ်လျက်ရှိသော နိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များပိုင် ပုလဲများ အပါအဝင် စုစုပေါင်းပုလဲအတွဲ ၅၁၅ တွဲ၊ ပုလဲလုံးရေ ၉၄၃၁၉ လုံး၊ အလေးချိန် ၅၆၁၈၈ ဒသမ ၅၅ မိုမီ ပြသရောင်းချခဲ့ရာ ပြည်ပနိုင်ငံ ပုလဲကုမ္ပဏီများမှ ပုလဲကုန်သည်ပေါင်း ၃၀ကျော် တက်ရောက် ဝယ်ယူကြသည်။

မြန်မာ့ပုလဲရောင်းချပွဲ-၂၀၀၇တွင် ပြည်ပနိုင်ငံ ပုလဲကုမ္ပဏီများမှ ပုလဲကုန်သည်များသည် နံနက် ၉နာရီမှ ညနေ ၃နာရီအထိ ပုလဲအတွဲများကို ကြည့်ရှုလေ့လာကြရာ ပုလဲရောင်းချရေးဗဟိုကော်မတီဥက္ကဋ္ဌ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်တိုးနှင့် ဗဟိုကော်မတီ အဖွဲ့ဝင်များက ပုလဲကုန်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး မြန်မာ့ပုလဲရောင်းချပွဲကို ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

မြန်မာ့ပုလဲရောင်းချပွဲ ယနေ့ နောက်ဆုံးနေ့တွင် ပုလဲကုန်သည်များက ပုလဲအတွဲပေါင်း ၁၁၈ တွဲကို ဝယ်ယူအားပေးကြသည်။

ညနေပိုင်းတွင် ပုလဲရောင်းချရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်တိုးက မြန်မာ့ပုလဲရောင်းချပွဲ-၂၀၀၇တွင် အများဆုံး အားပေးဝယ်ယူခဲ့သော ဟောင်ကောင် Rio Pearl Co; မှ Mr. Johny Cheng အား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်သည်။ (သတင်းစဉ်)

ကြေးမုံ The Mirror — ပြည်တွင်းသတင်းမှတ်စု

တပ်မတော်နေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

မန္တလေးတိုင်း မိတ္ထီလာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ (၆၂)ကြိမ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၃ရက်နံနက် ၉နာရီက အဆိုပါအသင်းရုံးခန်းမတွင်ကျင်းပသည်။

ပြိုင်ပွဲတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောဌေးက ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါပြိုင်ပွဲတွင် ပထမ မောင်ကျော်သက်ထွန်း(မိတ္ထီလာမြို့နယ်)၊ ဒုတိယ မမိုးသန်းသူ(မိတ္ထီလာမြို့နယ်)၊ တတိယဆု မသိမ့်သိမ့်ထွေး (သာစည်မြို့နယ်)တို့က ရရှိကြသည်။

ယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်မည်

ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် နန္ဒင်းကုန်းရပ်ကွက် ဓမ္မရတနာသာသနာ့ရိပ်သာတွင် တတိယအကြိမ်မြောက် ယဉ်ကျေးမှုသင်တန်းကို မတ် ၁၆ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ အသက် (၉)နှစ်မှ (၁၈)နှစ်အတွင်း သင်တန်းသား ၆၀ သာ လက်ခံမည် ဖြစ်သည်။

သင်တန်းတက်လိုသူများသည် ဖေဖော်ဝါရီ ၂၅ ရက်မှစ၍ ဓမ္မရတနာသာသနာ့ရိပ်သာ တာဝန်ခံဆရာတော် ဦးဝိမလထံသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၅၇၁၆၄၂သို့ဆက်သွယ်၍ဖြစ်စေ နံနက် ၁၀နာရီမှ ညနေ ၆နာရီအတွင်း စာရင်းပေးသွင်းနိုင်ကြောင်းနှင့် သံဃာတော်များ၊ သင်တန်းသား ရှင်သာမဏေများ၊ သိက္ခာရှင်များအတွက်လည်း အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အဖျော်ရည်၊ ဆေး၊ ရေ၊ မီးအလှူများ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

ပေါင်းလောင်းအသင်း (ရန်ကုန်) နှစ်ပတ်လည်စည်းဝေး

ပေါင်းလောင်းအသင်း (ရန်ကုန်)၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဗဟန်းမြို့နယ်၊ ရှင်သာမဏေဓမ္မဗိမာန်တွင် ဇန်နဝါရီ ၂၁ရက် နံနက် ၉နာရီက ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးကျင်တီက နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ထို့နောက် အသင်းဝင် ဂုဏ်ထူးဆောင်နာယက ဦးလှမြင့်ဦး (အဖွဲ့ဝင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့)အား နိုင်ငံတော်က ဝိဇ္ဇာပညာထူးချွန် (ပထမဆင့်) ချီးမြှင့်ခံရခြင်းအတွက် ထပ်ဆင့်ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး LCCI Level 3 စာမေးပွဲတွင် ဒုတိယဆု ရရှိသော မထက်ထက်ညိမ်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

တောင်ငူအသင်း (ရန်ကုန်) အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

တောင်ငူအသင်း (ရန်ကုန်)၏ ဘွဲ့ခံဆရာတော်ကြီးများပူဇော်ပွဲ၊ နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို မတ် ၄ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဖေယျာအောင်မြေကျောင်း ဓမ္မသုခတိုက် ကြားတောရလမ်း ဗဟန်း၌ ပြုလုပ်မည်ဖြစ်ရာ (တောင်ငူ၊ အုတ်တွင်း၊ ထန်းတပင်) အသင်းသူ၊ အသင်းသားများ၊ အသင်းမဝင်ရသေးသော နယ်သူ၊နယ်သားများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ပညာရည်ချွန် ဆုပေးပွဲအတွက် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်၊ အသင်းသားများ၏ သားသမီးများစာရင်းကို အထောက်အထားများနှင့် တကွ အမှုဆောင် ဦးထွန်းထွန်း ဖုန်း-၅၄၃၉၅၈၊ ၀၉-၅၀၀၁၉၀၃၊ ဦးတင်လှ ဖုန်း-၇၂၂၇၈၅နှင့် ဒေါ်မြင့်မြင့်စန်း ဖုန်း-၅၁၉၅၀၉၊ ၀၉-၅၁၂၅၄၄၅ တို့ထံ ဖေဖော်ဝါရီ ၂၈ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန် နှိုးဆော်ထားသည်။ (က-ပ)

သင်္ဃန်းကျွန်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်အရ ဖေဖော်ဝါရီ ၂၄ ရက်က (ဆ/က) ရပ်ကွက် လူနေအိမ်များအား မီးဘေးကြိုတင်ကာကွယ်ရေးများ ကွင်းဆင်းစစ်ဆေးကြရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းထွဋ်၊ မြို့နယ်အရန်မီးသတ်တပ်ရင်းရုံးမှ ဦးခင်မောင်ထွန်း၊ ဦးသန်းအေးနှင့်တပ်ဖွဲ့ဝင်များ၊ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးအေးခိုင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၅၀၆)

ကြေးမုံ The Mirror — အင်တာနက်အားကစားသတင်းများ

ချယ်လ်ဆီးအသင်းတွင် မော်ရင်ဟိုဆက်လက်ရှိမည်

ကော့ဘ်ဟမ်(အင်္ဂလန်) ဖေဖော်ဝါရီ ၂၄

အကယ်၍ မိမိသည် ဖယ်ရှားခံရခြင်းမရှိပါက လာမည့်ဘောလုံးရာသီအထိ ချယ်လ်ဆီးအသင်းတွင် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း မန်နေဂျာ ဟိုဆေးမော်ရင်ဟိုက ယနေ့ပြောကြားသည်။

ချယ်လ်ဆီးအသင်းသည် ကားလင်းဖလား ဘောလုံးပြိုင်ပွဲ အတွက် လေ့ကျင့်ကစားခဲ့ပြီးနောက် မော်ရင်ဟိုက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

မော်ရင်ဟိုသည် ချယ်လ်ဆီးအသင်း၏ မန်နေဂျာရာထူးမှ နုတ်ထွက်ဖွယ်ရှိသည်ဟု သတင်းများပေါ်ထွက်ခဲ့သည်။ ချယ်လ်ဆီးအသင်းနှင့် ချုပ်ဆိုထားသော ကန်ထရိုက် စာချုပ်သက်တမ်း ၂၀၁၀ ပြည့်နှစ် ဇွန်လတွင် ကုန်ဆုံးချိန် သို့မဟုတ် မန်နေဂျာရာထူးမှ မိမိဖယ်ရှားခံရချိန်တွင် ချယ်လ်ဆီးအသင်းမှ မိမိထွက်ခွာသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **အင်တာနက်။**

ဖေဖော်ဝါရီ ၁၇ ရက်က လန်ဒန်တွင် ကျင်းပသော အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲတွင် ဘလက်ဘန်းရိုဗာ အသင်းမှ ခရစ္စတိုအား ဆမ်းဘား(ဝဲ)က အာဆင်နယ်အသင်းမှ အက်ဒီဘေယာ၏ခြေတွင် ရှိနေသော ဘောလုံးကို ဖျက်ထုတ်စဉ်။
(ဓာတ်ပုံ-အင်တာနက်)

ခရစ္စတိုဖာဆမ်းဘား၏ ကစားပုံ ဘလက်ဘန်း မန်နေဂျာချီးကျူး

လန်ဒန် ဖေဖော်ဝါရီ ၂၄

မိမိတို့အသင်းသို့ အသစ်ရောက်ရှိလာသည့် ခရစ္စတိုဖာဆမ်းဘား၏ ကစားပုံမှာ အထူးကောင်းမွန်ကြောင်း ဘလက်ဘန်းရိုဗာအသင်း၏ မန်နေဂျာ မာ့ခ်ဟက်ဖက်စ်က ယနေ့ ပြောကြားသည်။

အရပ် ခြောက်ပေ ငါးလက်မရှိ ဆမ်းဘားသည် ဟာသာဘာလင်ကလပ်အသင်းမှ ဘလက်ဘန်းရိုဗာအသင်းသို့ အသင်းပြောင်းရွှေ့ကြေးပေါင်ငွေ ၄၀၀၀၀၀ ဖြင့် ဇန်နဝါရီလတွင် ရောက်ရှိလာခဲ့သည်။

နောက်တန်းလူ ဆမ်းဘားသည် မိမိတို့အသင်းအတွက် လိုအပ်နေသည့် အရည်အသွေးများကို ဖြည့်ဆည်းပေးနိုင်သူ ဖြစ်ကြောင်း ဟက်ဖက်စ်က ပြောကြားသည်။ **အင်တာနက်။**

အသင်းခေါင်းဆောင် ဂျွန်တယ်ရီ ပြန်လည်ကစားနိုင်မည် မျှော်လင့်

ကော့ဘ်ဟမ်(အင်္ဂလန်) ဖေဖော်ဝါရီ ၂၄

ချယ်လ်ဆီးအသင်း၏ အသင်းခေါင်းဆောင် ဂျွန်တယ်ရီသည် လာမည့်ရက်သတ္တပတ်ကုန်တွင် ဘောလုံး ပြန်လည်ကစားနိုင်သည်အထိ ကြံ့ခိုင်မှုရှိလာမည်ဟု မိမိမျှော်လင့်ကြောင်း ယင်းအသင်း၏ မန်နေဂျာဟိုဆေးမော်ရင်ဟိုက ယနေ့ပြောကြားသည်။

ဂျွန်တယ်ရီသည် ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ တွင် ပေါ်တိုအသင်းနှင့် ယှဉ်ပြိုင်ကစားချိန်အတွင်း ခြေချင်းဝတ် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အက်ရှ်လေကိုးမှာ ယခုအခါ ပြန်လည်နာလန်ထူလာနေပြီဖြစ်ကြောင်း၊ ၎င်းသည် တနင်္ဂနွေနေ့တွင် ဘောလုံးပြန်လည်ကစားမည်ဖြစ်ကြောင်း မော်ရင်ဟိုက ပြောကြားသည်။ **အင်တာနက်။**

ဖေဖော်ဝါရီ ၂၁ရက်က ပေါ်တူဂီနိုင်ငံ ပေါ်တိုမြို့တွင်ကျင်းပသော ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတွင် ထိခိုက်ဒဏ်ရာရရှိသည့် ဂျွန်တယ်ရီ(ယာ)**အား တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယား တိုက်စစ်မှူး မစ်ဒယ်ဘရော့တွင် စတင်ကစား

လန်ဒန် ဖေဖော်ဝါရီ ၂၄

တောင်ကိုရီးယားလူမျိုး တိုက်စစ်မှူးလီဒေါင်ဂွတ်သည် မစ်ဒယ်ဘရော့အသင်းသို့ ရောက်ရှိလာခဲ့ပြီးနောက် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲဦးထွက်အဖြစ် ယနေ့ကစားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၄ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။ မစ်ဒယ်ဘရော့အသင်းနှင့် ရီးဒင်းအသင်းတို့၏ပွဲတွင် လီဒေါင်ဂွတ် ပါဝင်ကစားရန် မစ်ဒယ်ဘရော့အသင်း၏နည်းပြဂါးရက်ဆောက်ဂိတ်က စီစဉ်ထားသည်။ အသက်၂၇နှစ်အရွယ်ရှိ လီဒေါင်ဂွတ်သည် မစ်ဒယ်ဘရော့အသင်းသို့ လွန်ခဲ့သည့်လက ရောက်ရှိခဲ့သည်။ **အင်တာနက်။**

မစ်ဒယ်ဘရော့အသင်း၏ အသင်းသားသစ် လီဒေါင်ဂွတ် (ဝဲ) **အား မန်နေဂျာ ဆောက်ဂိတ်နှင့်အတူ တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ် လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက် ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်နာဆာအယ် မိုဟာမက် အယ်အာမက် အယ်ဂျာဘားအယ် ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စက်မှုဇုန်များ ထူထောင်ပေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းအားပေးနေ

ပြည်ပ သွင်းကုန်အစားထိုး စက်မှုထုတ်ကုန်ပစ္စည်းများနှင့် အရည်အသွေးမီ စက်ကိရိယာများ ထုတ်လုပ်နိုင်သည်အထိ ကြိုးပမ်း

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၁ နာရီခွဲတွင် ရှမ်းပြည်နယ် တောင်ကြီး အေးသာယာစက်မှုဇုန်၌ လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အေးသာယာမြို့သစ် စက်မှုဇုန်ရှိ အေးသာယာစက်မှု လုပ်ငန်း ကုမ္ပဏီလီမိတက်၏ Machine Shop စက်ရုံသို့ သွားရောက်၍ စက်ရုံထုတ် စက်အရန် ပစ္စည်းများ၊ တစ်နာရီလျှင် ၁၀ တန်ကျ ခြစ်စည်းရိုး ကြိတ်ဆုစ္စေ ခြွေစက်တို့ကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူး ဦးသန်းရွှေနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် Forging Shop စက်ရုံသို့ သွားရောက်၍ ရှမ်းစတားဂျစ်ကားဖရိန်၊ A.I.C Light Track ကားနှင့် ကားကိုယ်ထည်၊ ဖရိန်အစိတ်အပိုင်း များ ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်ကိုလည်း ကောင်း၊ Foundry Shop စက်ရုံသို့ သွားရောက်၍ ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိက စက်မှုလုပ်ငန်း များမှ အပ်နှံသော စက်ပစ္စည်းအစိတ်အပိုင်းများ၊ သတ္တုရည်ကျိုနှင့် ပုံဖိ၊ ပုံလောင်းလုပ်ငန်း ဆောင်ရွက် နေမှု **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** *

အေးသာယာစက်မှုဇုန် ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် တောင်ကြီး အေးသာယာ စက်မှုဇုန်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အေးသာယာစက်မှုဇုန်၌ လယ်ယာကဏ္ဍကို အထောက်အကူပြုသည့် သွင်းကုန်အစားထိုး လက်တွန်းထွန်စက်၊ စပါးခြွေလှေ့စက်၊ စပါးရိတ်စက်၊ စက်နှင့် စက်အရန်ပစ္စည်းများ၊ မော်တော်ယာဉ် မျိုးစုံ ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော စက်အရန်ပစ္စည်းမျိုးစုံ ထုတ်လုပ်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်က မတည်ကာ သံရည်ကျိုအလုပ်ရုံ၊ စက်ခုတ်စားအလုပ်ရုံနှင့် ပုံဖိ၊ ပုံလောင်း အလုပ်ရုံတို့ကို တည်ထောင်ပေးခဲ့။ ယခုအခါ အရည်အသွေးမီ သံထည်ပစ္စည်းများ ထုတ်လုပ်နိုင်နေပြီ။

ထူးခြားသည့် ညအပူချိန်များ

(၂၄-၂-၂၀၀၇)

ဟားခါး	–	၂ ဒီဂရီစင်တီဂရိတ်
လားရှိုး	–	၄ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	–	၅ ဒီဂရီစင်တီဂရိတ်
ရန်ကုန်	–	၂၀ ဒီဂရီစင်တီဂရိတ်

သာယာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။